မြတ်ဗုဒ္ဓ၏အဆုံးအမတရား

မချွတ်မယွင်းတရားနှင့်အညီ သူတစ်ပါးတို့ကို အနိုင်အရှုံးဆုံးဖြတ်ပေးသော ပညာရှိကို တရားစောင့်သော၊ တရား၌တည်သော တရားသူကြီးဟုဆိုအပ်၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၅၂)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်
၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ၂၀၂၅ ခုနှစ်၊ တတိယအကြိမ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲသို့တက်ရောက်၍ ခရေပျိုးပင်အား ဦးဆောင်စိုက်ပျိုးပေး

နေပြည်တော် စက်တင်ဘာ ၁၆

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ၂၀၂၅ ခုနှစ်၊ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်အနီး၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ခရေပျိုးပင်ကိုဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ်ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ်ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ စာမျက်နှာ ၁၆ ကော်လံ ၁ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခရေပျိုးပင်ကိုဦးဆောင်စိုက်ပျိုးပေးစဉ်။




အမှတ်(၃) သံမဏိစက်ရုံ (ရှာမ)

အထပ်မြင့် အဆောက်အဦများ တည်ဆောက်ဖို့ နိုင်ငံတကာအဆင့်မီ

အရည်အသွေးမြင့် HRB-500 အမျိုးအစား

Deformed Bar များကို စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း- ၀၉ ၆၉၃၃၄၈၃၀၀၊ ၀၉ ၉၆၉၈၀၂၂၄၇

# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၇ ရက်)

## သစ်ပင်စိုက်ပျိုးခြင်းဖြင့် ပတ်ဝန်းကျင်အလှဆင်

မြန်မာနိုင်ငံသည် ရေမြေတောတောင်သဘာဝရှုခင်းများနှင့် လွန်စွာတင့်တယ်လှပသောနိုင်ငံဖြစ်ရာ အဆိုပါသဘာဝအလှတရားများထာဝစဉ်တည်တံ့နေစေရေးအတွက် သဘာဝပတ်ဝန်းကျင်ကို သာယာလှပနေအောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်သည် **"နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"၊ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"၊ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"** ဟူသောဆောင်ပုဒ်များချမှတ်ကာ အကောင်အထည်ဖော်လျက်ရှိသည်။ အဆိုပါဆောင်ပုဒ်များနှင့်တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆက်စပ်လျက်ရှိသည်မှာ စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းဟုဆိုနိုင်သည်။

ကုန်ထုတ်လုပ်မှုလုပ်ဆောင်ရာတွင် သစ်ပင်များမှ အသုံးအဆောင်များထုတ်လုပ်နိုင်သည်။ ထို့အတူ ပညာရေးကိုအားပေးရာတွင် ကျောင်းပတ်ဝန်းကျင်သည် စိမ်းလန်းစိုပြည်နေရမည်ဖြစ်သည်။ စိမ်းလန်းစိုပြည်နေစေရေးအတွက် သစ်ပင်များရှင်သန်နေရမည်ဖြစ်သည်။ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့ ဟူသည်ကား သစ်ပင်များစိုက်ပျိုးခြင်းနှင့်တိုက်ရိုက်သက်ဆိုင်လျက်ရှိသည်။ ထို့ကြောင့် မိုးရာသီသို့ရောက်ရှိတိုင်း နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့်စိမ်းလန်းရမည်ဆိုသည့်အတိုင်း သစ်ပင်များကိုအားတက်သရောစိုက်ပျိုးကြသည်။ ထိုသို့စိုက်ပျိုးကြသည့်အတွက် မြန်မာနိုင်ငံ၏ နေရာဒေသများစွာတွင် သစ်ပင်သစ်တောများရှင်သန်ဖုံးလွှမ်းလာနေပြီဖြစ်သည်။

မိုးရာသီကာလသည် မြေအစိုဓာတ်များပြီး မြေဆီမြေနှစ်များနိုးကြားသည့်အချိန်အခါဖြစ်၍ သစ်ပင်စိုက်ပျိုးမှုပြုလုပ်ရန်အကောင်းဆုံးအနေအထားဖြစ်သည်။ သစ်ပင်စိုက်ပျိုးခြင်း၏အဓိကရည်ရွယ်ချက်မှာ သစ်ပင်သစ်တောများကိုထိန်းသိမ်းစောင့်ရှောက်ရန်ပင်ဖြစ်သည်။ မရှင်သေးသောသစ်ပင်များရှင်သန်စေရန်၊ ရှင်သန်နေသောသစ်ပင်များပိုမိုကြီးထွားလာစေရန် သစ်ပင်များကိုဂရုပြုစိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်းများကိုပြုလုပ်ကြရမည်ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် ဆုံးရှုံးလစ်ဟာသွားသည့် သစ်ပင်သစ်တောများကို ပြန်လည်အစားထိုးဖြည့်သွင်းစိုက်ပျိုးကြရမည်လည်းဖြစ်သည်။

မြန်မာ့လူမှုပတ်ဝန်းကျင်တွင် သစ်ပင်စိုက်ပျိုးခြင်းအလေ့အထကောင်းရှိပြီးသားဖြစ်သည်။ ရှေးအစဉ်အဆက်ဘိုးဘွားတို့စိုက်ပျိုးခဲ့သောသစ်ပင်သစ်တောများကို လက်ရှိလူသားတို့ခံစားရသည်။ လက်ရှိလူသားတို့ကလည်း အနာဂတ်မျိုးဆက်သစ်များအတွက် ပတ်ဝန်းကျင်ကောင်းကိုဖန်တီးတည်ဆောက်ပေးရမည်ဖြစ်သည်။ သစ်ပင်စိုက်ပျိုးခြင်းမှာ ထာဝရကုသိုလ်ရရှိနေသကဲ့သို့ မိမိတို့ဘဝတစ်သက်တာတွင် ရှင်သန်နေသောသစ်ပင်များကိုကြည့်၍ ပျော်ရွှင်ကြည်နူးခြင်းဖြစ်ကြရသည်။ ထို့ကြောင့် "တစ်သက်ပျော်ချင်သစ်ပင်စိုက်" ဆိုသည့်စကားရပ်တွင်နေခြင်းဖြစ်သည်။ ယခုစိုက်ပျိုးသည့်သစ်ပင်များသည် နောင်အခါတွင် ရှင်သန်ဖြစ်ထွန်းပြီး သဘာဝပတ်ဝန်းကျင်ကို ယခုထက်ပိုမိုစိုပြည်စေမည်ဖြစ်၍ အိမ်တိုင်း၊ လမ်းတိုင်း၊ ရပ်ကွက်တိုင်း သစ်ပင်စိုက်ပျိုးကြရမည်ဖြစ်ပေသည်။

သစ်တောသစ်ပင်မျိုးစိတ်များသည် လူနှင့်သတ္တဝါများအတွက် အသက်ရှင်သန်ရန် နေ့စဉ်စားသုံးနေရသည့် အစာကွင်းဆက်တွင် အဓိကအကျဆုံးမူလအရင်းအမြစ်ဖြစ်သည်။ ထို့ပြင် သက်ရှိသတ္တဝါများအားလုံး အသက်ရှင်နေထိုင်နိုင်ရန်အတွက် အပြန်အလှန်မှီခိုနေရသည့် သဘာဝဂေဟစနစ်ကောင်းမွန်စွာလည်ပတ်နိုင်ရေးအတွက် အဓိကမောင်းနှင်အားအရင်းအမြစ်ဖြစ်သည်။ သစ်ပင်သစ်တောများကို အကြောင်းအမျိုးမျိုးကြောင့်ခုတ်ယူခြင်းများရှိသဖြင့် သစ်တောသစ်ပင်များနည်းပါးလာပြီး ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ရာသီဥတုများစံချိန်တင်ပူပြင်းခြင်း၊ မုန်တိုင်းများဖြစ်ပွားမှုကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းများကို ကမ္ဘာပေါ်ရှိလူသားတို့ခံစားနေရသည်။ လူသားများ၏လုပ်ဆောင်မှုများကြောင့် ရာသီဥတုများပြောင်းလဲလာခြင်းဖြစ်သဖြင့် လူသားများကပင် ပြန်လည်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ သစ်ပင်စိုက်ပျိုးပေးခြင်း၊ ထိန်းသိမ်းခြင်းနှင့်စောင့်ရှောက်ပေးခြင်းများသည် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက်ထိန်းချုပ်ပေးသည့် အခြေခံအကြောင်းအရာတစ်ခုဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ကောင်းမွန်ရေးထိန်းသိမ်းမှုတွင် သစ်ပင်များစိုက်ပျိုးခြင်းမှာ ပိုမိုထိရောက်လှသည်။ မိုးရာသီတွင် နိုင်ငံတော်အဆင့်သစ်ပင်စိုက်ပျိုးခြင်း၊ တပ်မတော်တစ်ရပ်လုံးသစ်ပင်စိုက်ပျိုးခြင်းနှင့် အပူပိုင်းဒေသသစ်ပင်စိုက်ပျိုးခြင်းများတွင် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ပါဝင်စိုက်ပျိုးပေးလျက်ရှိသည်။ ယခုနှစ်မိုးရာသီ နိုင်ငံတော်အဆင့်သစ်ပင်စိုက်ပျိုးခြင်းအခမ်းအနားများကို ဇွန်လ ၁၅ ရက်တွင် ပထမအကြိမ်၊ ဇူလိုင်လ ၄ ရက်တွင် ဒုတိယအကြိမ်အဖြစ် စုပေါင်းစိုက်ပျိုးခဲ့ကြပြီးဖြစ်သည်။ ယခုအခါ စက်တင်ဘာလ ၁၆ ရက်တွင် တတိယအကြိမ်အဖြစ်စိုက်ပျိုးခြင်းဖြစ်သည်။ သစ်ပင်များစိုက်ပျိုးခြင်းကြောင့် သဘာဝဘေးအန္တရာယ်များလျော့ပါးစေခြင်း၊ ရာသီဥတုညီညွတ်မျှတစေခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်း၊ အရိပ်အာဝါသနှင့်သန့်စင်သောလေကိုရရှိခြင်း၊ အသီးအရွက်များကိုစားသုံးနိုင်ခြင်း၊ ကျေးငှက်များအတွက်နားခိုရာနှင့် အစာရေစာရရှိခြင်း စသည့်ကောင်းကျိုးများရရှိမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် သစ်ပင်စိုက်ပျိုးခြင်းဖြင့် ပတ်ဝန်းကျင်ကိုအလှဆင်ကောင်းကျိုးပြုနေခြင်းမှာ ဂုဏ်ယူဖွယ်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခုအပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## (၃၈)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်းရန် နှိုးဆော်

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၇ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် (၃၈)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များပူဇော်ကန်တော့ပွဲ စည်ကားသိုက်မြိုက်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ စေတနာရှင်အလှူရှင်များအနေဖြင့် အလှူငွေများပါဝင်လှူဒါန်းနိုင်ရန် နှိုးဆော်ထားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေလှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ်(၁၇၃/၁၇၅)၊ (၇)လွှာ၊ ပန်းဆိုးတန်းလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၇-၉-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Market News |
| ၂။ | ၁၁:၅၀ | နွယ်မြက်သစ်ပင်ဆေးဖက်ဝင် |
| ၃။ | ၁၃:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၄။ | ၁၄:၅၀ | ဖတ်သမျှ မှတ်သမျှ |
| ၅။ | ၁၅:၃၅ | Happy Zone |
| ၆။ | ၂၁:၄၀ | ချောက်ချောက်ချားချားဖြစ်ရပ်များ |

## MWD Education, Knowledge & Sports Channel

၁၇-၉-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၇:၀၀ | - | ၀၈:၃၅ | Grade – 7 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ | - | ၁၆:၀၅ | Grade – 7 | အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၆:၀၅ | - | ၁၆:၄၅ | Grade – 7 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၄။ | ၁၆:၄၅ | - | ၁၇:၂၀ | Grade – 7 | သမိုင်း၊ သိပ္ပံ |


မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# အမြို့မြို့အနယ်နယ်၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

## ထားဝယ်



ထားဝယ် စက်တင်ဘာ ၁၆

ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အနာဂတ်မျိုးဆက်များအတွက် သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သောဂေဟစနစ်ကို လက်ဆင့်ကမ်းနိုင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများအပြင် အိုဇုန်းလွှာထိန်းသိမ်းခြင်းလုပ်ငန်းကလည်း များစွာအရေးပါသည့်အတွက် လူသားနှင့်သဘာဝပတ်ဝန်းကျင်တို့ ဟန်ချက်ညီညီအချင်းချင်း အကျိုးပြုနေထိုင်သွားရင်း ကောင်းမွန်လှပသောအနာဂတ်ကို အကောင်အထည်ဖော်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏သဝဏ်လွှာဖတ်ကြားသည့် ဗီဒီယို၊ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူး၏ သဝဏ်လွှာဖတ်ကြားသည့်ဗီဒီယိုနှင့် ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေးဗီဒီယိုများကို ပြသသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့်သရုပ်ဖော်ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**မူမူအေး**

## ပဲခူး

ပဲခူး စက်တင်ဘာ ၁၆

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့ မွန်းလွဲပိုင်းတွင် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းများချီးမြှင့်ပေးအပ်သည်။ ၎င်းနောက် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ပန်းချီ၊ ကာတွန်းနှင့် ဉာဏ်စမ်းမေးခွန်းဖြေဆိုမှုပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းများ အသီးသီးချီးမြှင့်ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်သဝဏ်လွှာဖတ်ကြားသည့် ဗီဒီယိုနှင့်အိုဇုန်းလွှာထိန်းသိမ်းရေး အသိပညာပေး Video Clip တို့အား ကြည့်ရှုအားပေးကြသည်။

၎င်းနောက် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စက်ပစ္စည်းများ၊ အသိပညာပေးစာအုပ်စာစောင်များ၊ ဆုရကျောင်းသား၊ ကျောင်းသူများ၏ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းတို့အား လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**၄၀၁၊ တင်စိုး(ပဲခူး)**






## နေပြည်တော်

နေပြည်တော် စက်တင်ဘာ ၁၆

၂၀၂၅ ခုနှစ်စက်တင်ဘာလ ၁၆ ရက်တွင် ကျရောက်သည့်ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ (World Ozone Day) အထိမ်းအမှတ်အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရုံးအမှတ် (၃၉) သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအိုဇုန်းယူနစ်အဖွဲ့ဝင် ကိုယ်စားလှယ်များနှင့် လေအေးပေးစက်ဆိုင်ရာ ပညာရှင်အသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံသည် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းများထိန်းချုပ်ရေးဆိုင်ရာ မွန်ထရီယယ်နောက်ဆက်တွဲစာချုပ်များတွင်အဖွဲ့ဝင်ဖြစ်ပြီး အဆိုပါစာချုပ်၏ပြင်ဆင်ချက်လေးခုဖြစ်သော လန်ဒန်ပြင်ဆင်ချက်၊ ကိုပင်ဟေဂင်ပြင်ဆင်ချက်၊ မွန်ထရီယယ်ပြင်ဆင်ချက်၊ ပေကျင်းပြင်ဆင်ချက်များတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် သဘောတူလက်မှတ်ရေးထိုးခဲ့ကာ အိုဇုန်းလွှာထိန်းသိမ်းရေးလုပ်ငန်းစဉ်များနှင့် လိုက်နာရမည့် ကတိကဝတ်များကို အပြည့်အဝ လိုက်နာဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်၏ ပဉ္စမမြောက်ပြင်ဆင်ချက်ဖြစ်သည့် ကီဂါလီပြင်ဆင်ချက်တွင်လည်း အဖွဲ့ဝင်အဖြစ်ပါဝင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

မွန်ထရီယယ်သဘောတူစာချုပ်အဖွဲ့ဝင်ဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် စာချုပ်ပါ သတ်မှတ်ချက်များ၊ ကတိကဝတ်များနှင့်အညီ အိုဇုန်းလွှာပျက်စီးစေသည့်ဒြပ်ပစ္စည်းများထုတ်လုပ်မှု၊ သုံးစွဲမှုများကိုကန့်သတ်ထိန်းချုပ်ခြင်းအား အခြားကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ ဆောင်ရွက်လျက်ရှိပြီး အိုဇုန်းအတွင်းရေးမှူးချုပ်ရုံးမှ နှစ်စဉ်ကျင်းပသည့် နိုင်ငံတကာအစည်းအဝေးများတွင် မပျက်မကွက်တက်ရောက်ဆွေးနွေးလျက်ရှိသကဲ့သို့ မြန်မာနိုင်ငံသို့ နှစ်စဉ်တင်သွင်းအသုံးပြုနေသည့် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန်၊ မီသိုင်းဘရိုမိုက်နှင့်ဟိုက်ဒရိုဖလူရိုကာဗွန်ဆိုင်ရာ Country Programme တို့ကို Data Article 7 Data Report နှင့် အိုဇုန်းအတွင်းရေးမှူးချုပ်ထံ တင်သွင်းခြင်း စသည့်မွန်ထရီယယ် နောက်ဆက်တွဲစာချုပ် အဖွဲ့ဝင်နိုင်ငံများ၏ ဝတ္တရားများကို မပျက်မကွက်ဆောင်ရွက်လျက်ရှိကြောင်း၊ အိုဇုန်းလွှာထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းနှိုးဆော်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရပ်၏ သဝဏ်လွှာကိုဖတ်ကြားသည့်ဗီဒီယို၊ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေးဗီဒီယို၊ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) ၏ အမှုဆောင်ညွှန်ကြားရေးမှူး Ms. Inger Andersen ၏ Memorial Video ပြသခြင်းအစီအစဉ်တို့ကို ကြည့်ရှုအားပေးပြီး အိုဇုန်းအသိပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြဝတီ**

## မုံရွာ

မုံရွာ စက်တင်ဘာ ၁၆

၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ရှိ ချင်းတွင်းခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပျော်ရွှင်ဖွယ်ကောင်းသည့် ပတ်ဝန်းကျင်၊ ကောင်းမွန်သန့်ရှင်းသည့် ဂေဟစနစ်များ သားစဉ်မြေးဆက် လက်ဆင့်ကမ်းနိုင်ရေး သဘာဝပတ်ဝန်းကျင်ကို တန်ဖိုးထား ထိန်းသိမ်းကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မှပေးပို့သည့် သဝဏ်လွှာဗီဒီယိုနှင့် အထိမ်းအမှတ်မှတ်တမ်းဗီဒီယိုကို ကြည့်ရှုအားပေးကြပြီး ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပန်းချီနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ခန်းမအတွင်းခင်းကျင်းပြသထားသော လေ၊ ရေ၊ မြေ တိုင်းတာရေးစက်ကိရိယာများ၊ အအေးပေးပစ္စည်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေးစာအုပ်များနှင့်လက်ကမ်းစာစောင်များ၊ ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ပန်းချီပြိုင်ပွဲတွင် ဆုရပန်းချီများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အေးသန္တာ**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

## ရွှေပြည်ဆရာ ဦးဘတင်

ဦးစောပြောပြီးသည့်နောက် ကာယကံရှင် အမတ်လောင်း ဆရာဦးဘတင်ထ၍ပြော၏။ စ၍ ချီလိုက်သည်ဆိုလျှင်ပင် ရွှေပြည်ဦးဘတင်က ပရိသတ် နားလည်ချင်လည် မလည်ချင်နေ ပါဠိပါဠ်သား ခပ်များများရွတ်၍ပြောရမှ ပြောတတ်သည်ဆိုကာ စကားပလ္လင်ခံလိုက်ပြီးနောက် (ဘာသုတ်ဟု ကျွန်ုပ်မမှတ်မိ။)အတော်ရှည်လျားသော ပါဠိတစ်ပုဒ်ကို ရွတ်ဆိုလေသည်။ ကျွန်ုပ်သည် ပတ်ဝန်းကျင်ရှိ ပရိသတ်၏မျက်နှာများကို လှမ်းကြည့်လိုက်သောအခါ ပါဠိသံကို အထင်ကြီးလေ့ရှိသော မန္တလေးပရိသတ်ဖြစ်၍ (အလှူမဏ္ဍပ်ထဲ၌ နာမည်ကြီးဆရာတော်တစ်ပါး၏တရားကို ကြားနာကြခြင်းကဲ့သို့) အောင့်အည်းသည်းခံကာ နားထောင်လျက်ရှိကြသော်လည်း သူတို့၏ မျက်နှာထားများမှုကား နှစ်ခြိုက်သဘောကျခြင်းကို မဆိုထားဘိ၊ တစ်စွန်းတစ်ပါဒမျှ နားလည်သည့် အထိမ်းအမှတ်မျိုးမတွေ့ရပေ။ (ထိုစဉ်ကမူ ရွှေပြည်ဦးဘတင်သည် ရဟန်းဘဝကို စွန့်လွှတ်ခဲ့သည်မှာ မကြာသေးဟု ကျွန်ုပ်ထင်သည်။) ကျွန်ုပ်သည် ပရိသတ်နှင့်အတူ စိတ်ရှည်စွာနားထောင်လျက်ရှိသော်လည်း စကားပြောကောင်းခြင်းနှင့်ပတ်သက်၍ ဤခေတ်တွင် နာမည်ကြီးလျက်ရှိသော ရွှေပြည်ဆရာ ဦးဘတင်၏ ကောင်းခြင်းအင်္ဂါလက္ခဏာများကို အရိပ်နိမိတ်မျှပင် မတွေ့ခဲ့ရကြောင်း ရှင်းရှင်းပင် ဖော်ထုတ်ဝန်ခံရပေမည်။ ကျွန်ုပ်တွေ့ရသည်မှာကား ရွှေပြည်ဆရာ ဦးဘတင်၏စကားပြောသည့်အကွက်မှာ နိုင်ငံရေးတရားဘက်မဟုတ်၊ ရာဇဝင်ဘက်တွင်ဖြစ်သည်။ ကျွန်ုပ်စဉ်းစားမိသည်မှာကား ပုဂ္ဂိုလ်တစ်ဦးသည် မည်မျှလောက် အပြောကောင်းသည်ဖြစ်စေ၊ အရေးကောင်းသည်ဖြစ်စေ၊ မိမိ မကျွမ်းကျင်သည့် ပညာရပ်တစ်ခုတွင် အရာထင်လောက်အောင် မပြောနိုင်၊ မရေးနိုင်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။ ရာဇဝင်နှင့်ပတ်သက်၍ ကျွန်ုပ်သည် ဆရာဦးဘတင်၏ဟောပြောခြင်းကို တစ်ကြိမ်ကြားနာလိုက်ရကတည်းက ထိုပုဂ္ဂိုလ်၏ထူးကဲချက်များသည် ကျွန်ုပ်၏ဦးနှောက်တွင် အမှတ်ထင်လျက်ရှိခဲ့လေပြီ။ ဆရာဦးဘတင်သည် မြန်မာရာဇဝင်ကို နှံ့စပ်ခြေမြစ်စွာလေ့လာဆည်းပူးထားရုံသာမက မိမိသိရှိထားသောအကြောင်းအရာများသည် (မှားတော့မှ မှားစေ) ကေန်မုချ မှန်ကန်သည်ဟု စိတ်ချထားသည့်အတွက်ကြောင့် ပြောဟောရာတွင် 'ငါ့ပြိုင်မရှိ' ဟူသော ယုံကြည်ချက် (Self confidence) သည် နားထောင်သော ပရိသတ်အား လက်မခံဘဲမနေနိုင်လောက်အောင် အတင်းသွေးဆောင်လျက်ရှိတော့၏။ စာရေးဆရာ၌ ဖြစ်စေ၊ တရားဟောဆရာ၌ဖြစ်စေ (အထူးသဖြင့် စကားပြောသမားများ၌) ဤယုံကြည်ချက်သည် အလွန်အရေးကြီး၏။ ပြောဟောသူက စမ်းတဝါးဝါးလုပ်နေလျှင် မှန်ပင်မှန်စေဦးတော့ ပရိသတ်က မယုံချင်ဘဲရှိတတ်၏။ ထို့ပြင် စကားပြောခြင်းနှင့်ပတ်သက်၍ ဆရာဦးဘတင်၏ 'စပါယ်ရှယ်' ကောင်းသောအင်္ဂါရပ်များလည်းရှိသေး၏။ သူသည်(ဇာတ်ဆရာကြီး ဦးဖိုးစိန်က ဇာတ်ကြောရှည်သွားမည်ကို မစိုးရိမ်ရသည့်နည်းတူ) ပရိသတ်များ ငြီးငွေ့ကုန်ကြလိမ့်မည်ဟု စိုးရိမ်ကြောင့်ကြမှုအလျှင်းကင်းသည့် လက္ခဏာနှင့်ပြောရန်ရှိသောအကြောင်းအရာကို 'အဆိုင်း' ကလေး၊ 'အငံ့'ကလေး၊ 'အတန့်'ကလေး၊ 'အဟန့်' ကလေးများဖြင့် စိမ်ပြေနပြေပြောတတ်လေသည်။ ၎င်းအင်္ဂါမှာ အတော်အတန်စကားပြောကောင်းရုံမျှနှင့် ပြည့်စုံသေးသည်မဟုတ်။ ပရိသတ်၏ 'ဆိုက်ကော်လိုဂျီ' ကို နားလည်ပြီးအချိန်ကို ပဓာနမထားသူတို့သာ တတ်နိုင်ပေသည်။ (ဤနေရာ၌ အချိန်ကို ပဓာနမထားဟူသောစကားကို သုံးနှုန်းခြင်းမှာ ကောင်းသောအဓိပ္ပာယ်နှင့် သုံးနှုန်းခြင်းဖြစ်ပါသည်။ ပြောချင်အားကြီးနှင့် အလောသုံးဆယ် တွန်းထိုးပြောဆိုခြင်းမျိုး၏ ဆန့်ကျင်ဘက်အဓိပ္ပာယ်ကို ဆိုလိုပါသည်။) ထို့ပြင် ဆရာ ဦးဘတင်၏ ခြေဟန်လက်ဟန်များသည်လည်း စကားအဓိပ္ပာယ်ကို တိုး၍လေးနက်စေ၏။ ဟောပြောပွဲတစ်ခု၌ ဆရာ ဦးဘတင်သည် တစ်စုံတစ်ခုကို ထမ်း၍ပေါက်သည့်အဖြစ်အပျက်နှင့် ကိုက်ညီအောင် လက်ဟန်ကိုယ်ဟန်နှင့်တကွ ယိမ်းနွဲ့၍ပြလေရာ အပြစ်ရှာချင်သောလူများက ဇာတ်ဟန်ပါသည်ဟု ဆိုကောင်းဆိုကြမည်ဖြစ်သော်လည်း ကျွန်ုပ်ကမူ ဘာပြောပြောကြည့်၍ကောင်းသည်ဟု ထင်မိပါသည်။



## ကိုဆန်းထွန်း

မန္တလေးတက္ကသိုလ် ကျောင်းသားများက မေးခွန်းများကို ဖြေရသည့် စကားပွဲတစ်ခု (Brain Trust) သို့ ကျွန်ုပ်အားဖိတ်ခေါ်ရာ ထိုပွဲတွင် ရွှေပြည်ဆရာ ဦးဘတင်နှင့် ကိုဆန်းထွန်းတို့ပါသည်ဟု သိရ၏။ ကျွန်ုပ်က အပြောသမားမဟုတ်သဖြင့် တောင်းပန်သော်လည်း အတင်းခေါ်ကြသည်နှင့် အားနာပါးနာနှင့်လက်ခံလိုက်ရ၏။ သို့ရာတွင် ကျွန်ုပ်အား ရှေးဦးစွာ 'ထုတ်' ပါမည်ဟူသော ပဋိညာဉ်တစ်ခု တောင်းယူလိုက်ပါသည်။ သောလုံးများဖြင့် ရှုန်းရှုန်းဝေအောင် ပြောတတ်သော ကိုဆန်းထွန်းနှင့် ဆရာဦးဘတင်တို့နောက်မှ ကျွန်ုပ်ပြောရလျှင် ခြောက်ကပ်ကြီးဖြစ်ပြီး ငြီးငွေ့ဖွယ်ဖြစ်နေလိမ့်မည်ဟု သိသောကြောင့်ဖြစ်၏။ သို့ရာတွင် ကျောင်းသားများသည် ၎င်းတို့၏ ကတိအတိုင်းမတည်ကြချေ။ ကိုဆန်းထွန်းနှင့် ဆရာဦးဘတင်တို့ကို ကျွန်ုပ်ရှေ့မှထုတ်နှင့်ကြလေပြီ။ အထူးသဖြင့် ကိုဆန်းထွန်း၏ 'ဒဏ်'ကို မန်းတက္ကသိုလ်တွင် မည်သူမျှခံနိုင်ကြမည်မထင်ပေ။ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများကား လွန်ပဲလွန်လွန်းလှသည်။ သူတို့၏ဆရာဖြစ်သော ကိုဆန်းထွန်း ဝင်လာသည်ဆိုလျှင်ပင် ကျောင်းဆောင်ကြီး ပြိုကျတော့မတတ်လက်ခုပ်တီးကြ၍ နားကွဲမတတ်ဆူညံသွား၏။ ထို့နောက် ဦးဆန်းထွန်းထလိုက်သောအခါ ဘာတစ်ခွန်းမျှမပြောရသေးမီက ရယ်ဖို့ ပါးစပ်ပြင်လျက်ရှိကြလေပြီ။ ကျောင်းသားများ၏ မေးခွန်းများကို ဆရာကိုဆန်းထွန်းက ဖြေဆိုသောအခါ ရယ်စရာအလုံးများပေါ်များလှသည်ကား မှန်ပါ၏။ သို့ရာတွင် ကျောင်းသား၊ ကျောင်းသူများကမူ ပြက်လုံးလော၊ အတည်လုံးလော မရွေးနိုင်ကြတော့ဘဲ သူတို့ဆရာပြောတိုင်း တဝေါဝေါတသောသောနှင့် သဘောကျလျက်ရှိကြသောကြောင့် ကိုဆန်းထွန်းမှာ ဘာမျှစဉ်းစားနေဖို့မလိုတော့ဘဲ ပါးစပ်လှုပ်နေလျှင်ပင် လုံလောက်နေလေပြီ။ ကျောင်းဆရာတစ်ယောက်အနေဖြင့် 'သောလုံး' ထုတ်ရသောဘက်တွင် ကိုဆန်းထွန်း 'ပေါ်ပြူလာ' ဖြစ်လိုက်ပုံမှာ အားရစရာကောင်းပါဘိသည်။ သို့ရာတွင် အောင်ဦးဘကြည် စသည့် (သူ့အထွာနှင့်သူ) ခပ်သောသောကလေး ပြောချင်ဟန်ရှိသော ပုဂ္ဂိုလ်များအဖို့မူ ကိုဆန်းထွန်းနောက်မှ ပြောရခြင်းကို ခပ်တွန့်တွန့်ရှိသည့် လက္ခဏာနှင့် ထုတ်ဖော်ကန့်ကွက်သံကြားလိုက်ရ၏။ သောလုံးထုတ်ဖို့ ရည်ရွယ်ချက်လည်း လုံးဝမရှိ၊ မည်သူနှင့်မျှလည်း ယှဉ်ပြိုင်ရန်အကြံမရှိသော ကျွန်ုပ်သည်ပင်လျှင် ကိုဆန်းထွန်းနောက်မှပြောရပြီး ကျောင်းသားများ ကတိပျက်ကြပုံကို အလွန်မကျေနပ်သည်နှင့် တက္ကသိုလ်ပွဲများသို့ ဘာအတွက်မျှ မသွားတော့ပါဟု ဆုံးဖြတ်ချက်ချလိုက်ပါတော့သည်။ ထိုနေ့က ကိုဆန်းထွန်းနှင့် 'ဒိုးဒေါက်'လိုက်နိုင်သူမှာ (ကျောင်းသားလောကမှ မကြာသေးမီကမှထွက်လာခဲ့သည့်) ရှေ့နေ ကိုမြစိန်တစ်ယောက်သာရှိပါ၏။

## သခင်ချစ်မောင်

ပါလီမန်တွင် (အိမ်မှရေးခဲ့ပြီး ဖတ်ခွင့်ရသော) ဝန်ကြီးချုပ် ဦးနုမှအပ စကားပြောကောင်းသည်ဟု နာမည်ရလျက်ရှိသောပုဂ္ဂိုလ်မှာ သခင်ချစ်မောင်ပင်ဖြစ်သည်။ မန္တလေးမြို့သို့ နိုင်ငံရေးသမားများ တရားဟောရန် တက်လာကြသည့်အခါတိုင်း ကျွန်ုပ်သည် ၎င်းတို့၏ပြောဟောပုံများကို လေ့လာလိုသည့်အတွက် ဆောင်းရာသီများ၌ပင် အချမ်းခံပြီး နားထောင်လေ့ရှိ၏။ တစ်ခါတစ်ရံ လက်လွှတ်ခံသော်လည်း သခင်ချစ်မောင်နှင့် သိန်းဖေမြင့်တို့၏ တရားပွဲများကိုမူ မလွတ်တမ်းနားထောင်လေ့ရှိ၏။ သခင်ချစ်မောင်သည် အချိန်လုံလောက်စွာရရှိ၍ အေးအေးဆေးဆေးပြောခွင့်ရပါမူ သူပြောလိုသောအကြောင်းအရာကို ပရိသတ်သဘောပေါက်အောင် ပြောတတ်ခြင်းအရာ၌ ရှာမှရှားသော စကားပြောသမားတစ်ယောက်ဖြစ်၏။ သူသည် အကြောင်းအရာတစ်ခုကို ပြောမည်ကြံသည့်အခါ တစ်နေရာမှ အစတည်လိုက်ပြီးနောက် ထိုနေရာသို့ ပြန်ဆိုက်ကာ (ဝလုံးရေးသည့်နှယ်) ပြောတတ်သည့်အလေ့အကျင့်ရှိ၍ ကျွန်ုပ် သဘောကျလှသည်။ တချို့အပြောသမားများသည် ဤပြောနည်း၏ထိရောက်ခြင်းကို မရိပ်မိကြဘဲ ပြောချင်အားကြီးနှင့် 'ခုနစ်စဉ်အမျှင်တန်း' လျှောက်ပြောခြင်းအားဖြင့် လိုရင်းသို့မရောက်ဘဲ အချိန်စေ့ကုန်ပြီး ရပ်လိုက်ကြရလေသည်။ သခင်ချစ်မောင်မှုကား ဝလုံးစနစ်သုံးခြင်းကို အများအားဖြင့် တွေ့ရသည်။ ပြောခွင့်ရခဲ့လျှင် သခင်ချစ်မောင်သည် ရေးဖတ်သော ဦးနု၏ မာရသွန်စံချိန်ကို မီနိုင်လောက်သည်ဟု ကျွန်ုပ်ယုံကြည်သည်။

ဆက်လက်ဖော်ပြပါမည်။

---

# သထုံမြို့နယ်၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

သထုံ စက်တင်ဘာ ၁၆

၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာလ ၁၆ ရက်တွင် မွန်ပြည်နယ် သထုံမြို့နယ် လိပ်အင်းရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်က ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်ဖြစ်သည့် အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံး မြှင့်တင်ဆောင်ရွက်ပေးနှင့်အညီ အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများနှင့် ကမ္ဘာ့ပူနွေးမှုမြင့်မားစေသည့် ဟိုက်ဒရိုဖလူရိုကာဗွန်(HFCs) အမျိုးအစား အအေးပေးဒြပ်ပစ္စည်းများ သုံးစွဲမှုကိုလျှော့ချထိန်းချုပ်ရန်နှင့် နောင်လာမည့် နှစ် ၄၀ အတွင်း အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာလုပ်ငန်းများအား အတူတကွပူးပေါင်းဆောင်ရွက်ကြစေရေး အကြောင်းအရာများကိုပြောကြားပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီတာငြိမ်းက ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်(UNEP)မှ ပေးပို့သည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အသိပညာပေးဗီဒီယိုအားပြသပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်က ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် ယှဉ်ပြိုင်ခဲ့သော အခြေခံပညာအထက်တန်းအဆင့် သထုံခရိုင် ကျောင်းပေါင်းစုံစာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ သထုံခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ချမ်းမြေ့

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြား

## မိမိတို့နိုင်ငံအနေဖြင့် ယုံကြည်စွာလာရောက်ရင်းနှီးမြှုပ်နှံနေသည့် စီးပွားရေးလုပ်ငန်းရှင်များအတွက် စီးပွားရေးပတ်ဝန်းကျင်ကောင်းတစ်ခုဖြစ်ထွန်းလာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၆**

မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ မြန်မာစီးပွားရေးကိုယ်စားလှယ်ရုံး၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်ဝန်ကြီးချုပ်ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျား၊ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့်ပုဂ္ဂိုလ်များ၊ ရင်းနှီးမြှုပ်နှံထားသည့်တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက မိမိတို့နိုင်ငံအနေဖြင့် ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ အမယ်သစ်များနှင့်တန်ဖိုးမြှင့်ထုတ်ကုန်များတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် တရုတ်နိုင်ငံအနေဖြင့် နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ လာရောက်ဆောင်ရွက်ကြရန် ဖိတ်ခေါ်ပါကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံက ကြီးမှူးဆောင်ရွက်နေသည့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်တွင်ပါဝင်သည့် ဦးစားပေးနယ်ပယ် ၈ ခုတွင် မိမိတို့နိုင်ငံဖြင့် ကိုက်ညီသည့်ကဏ္ဍများစွာ ပါဝင်နေသောကြောင့် လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန် အခွင့်အလမ်းကောင်းများ များစွာရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ယုံကြည်စွာလာရောက်ရင်းနှီးမြှုပ်နှံနေသည့် စီးပွားရေးလုပ်ငန်းရှင်များအတွက် စီးပွားရေးပတ်ဝန်းကျင်ကောင်းတစ်ခုဖြစ်ထွန်းလာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးလုပ်ငန်းများဆောင်ရွက်နေသူများအနေဖြင့်လည်း ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက တင်ပြစေလိုပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ညှိနှိုင်းကာ ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ ယခုတွေ့ဆုံပွဲမှတစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ရေရှည်တည်တံ့ခိုင်မြဲပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သည့်ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံလိုသည့် လုပ်ငန်းများ၊ မူဝါဒများနှင့်အညီ ပို့ကုန်သွင်းကုန်တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လိုမှုများနှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးဖြေကြားပြီး နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ပြောကြားသည်။

နံနက်ပိုင်းတွင်လည်း နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လျိုကျိုးမြို့ရှိ Guangxi Liugong Machinery Co.,Ltd ၏ Global R & D Center သို့ သွားရောက်လေ့လာကြရာ ကုမ္ပဏီမှတာဝန်ရှိသူများက စက်ရုံမှအဆင့်မြင့်နည်းပညာများဖြင့် ဆန်းသစ်တီထွင်ထုတ်လုပ်လျက်ရှိသည့် စက်ယန္တရားကြီးများ၊ EV စက်ယန္တရားကြီးများနှင့် စက်ပစ္စည်းအစိတ်အပိုင်းများ၊ စက်ရုံမှထုတ်လုပ်သည့် EV Loader ဖြင့် အန္တရာယ်ရှိသည့်လုပ်ငန်းခွင်များ၌ အဝေးထိန်းစနစ်ဖြင့် လုပ်ငန်းဆောင်ရွက်မှုပြကွက်နှင့် ကမ္ဘာတစ်ဝန်း စီမံကိန်းကြီးများတွင် စက်ရုံထုတ်စက်ယန္တရားကြီးများဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့်ပြကွက်တို့ကို ရှင်းလင်းပြသရာ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်အဖွဲ့ဝင်များ လျိုကျိုးမြို့ရှိ Guangxi Liugong Machinery Co.,Ltd ၏ Global R & D Center သို့ သွားရောက်လေ့လာစဉ်။

**(၁၆-၉-၂၀၂၅)ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ဈေးနှုန်းမှာ (၅,၉၇၀,၀၀၀)ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅˚c | / | ၃၂˚c |
| ရန်ကုန် | ၂၄˚c | / | ၃၂˚c |
| မန္တလေး | ၂၄˚c | / | ၃၃˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

◆ ကျောဖုံးမှအဆက်

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုနှင့် အွန်လိုင်းလိမ်လည်မှုအပါအဝင် နယ်စပ်ဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ တရုတ်နိုင်ငံအနေဖြင့် မန္တလေးငလျင်ကြီးအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များတွင် ဆက်လက်ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အပြန်အလှန်ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတနှင့်အတူ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ CPC ပါတီအတွင်းရေးမှူး မစ္စတာချန်ကန်း၊ အုပ်ချုပ်ရေးမှူး မစ္စတာဝေတောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျားနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် (၂၂)ကြိမ်မြောက်တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးဖိုရမ်ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံနိုင်ငံများ၊ ဖိတ်ကြားထားသည့် နိုင်ငံများမှ အကြီးအကဲများနှင့်အတူ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# အာဆီယံရှေ့နေချုပ်များအစည်းအဝေးတည်ထောင်ခြင်းဆိုင်ရာ ကြေညာချက်လက်မှတ်ရေးထိုးခြင်း အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်




နေပြည်တော် စက်တင်ဘာ ၁၆

အင်ဒိုနီးရှားနိုင်ငံရှေ့နေချုပ် H.E. Mr. Burthanuddin ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၅ ရက်မှ ၁၆ ရက်အထိ ကျင်းပသည့် အာဆီယံရှေ့နေချုပ်များ အစည်းအဝေးတည်ထောင်ခြင်းဆိုင်ရာ ကြေညာချက်လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံမှ ရှေ့နေချုပ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက အာဆီယံရှေ့နေချုပ်များ အစည်းအဝေးကို အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ ကို အကောင်အထည်ဖော်သည့်အနေဖြင့် ၂၀၂၃ ခုနှစ်က ထိုင်းနိုင်ငံ ဘန်ဆန်းမြို့၌ကျင်းပခဲ့သော ပထမအကြိမ် အတိုင်ပင်ခံအစည်းအဝေး၏ရလဒ်၊ ၂၀၂၄ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ကျင်းပခဲ့သော ဒုတိယအကြိမ် အတိုင်ပင်ခံအစည်းအဝေး၊ ၂၀၂၄ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌ကျင်းပခဲ့သော တတိယအကြိမ် အတိုင်ပင်ခံအစည်းအဝေး၊ ၂၀၂၄ ခုနှစ်က လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ကျင်းပခဲ့သော (၄၄)ကြိမ်မြောက်နှင့် (၄၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးရလဒ်တို့နှင့်အညီ တည်ထောင်ရန်သဘောတူညီခဲ့ကြောင်း။

အာဆီယံရှေ့နေချုပ်များအစည်းအဝေး တည်ထောင်ခြင်း၏ ရည်ရွယ်ချက်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား တရားစွဲနှင့်အမှုလိုက်လုပ်ငန်းများတွင် သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ အာဆီယံရှေ့နေချုပ်များအစည်းအဝေးတွင်အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သက်ဆိုင်ရာ ပြည်တွင်းဥပဒေများနှင့်အညီ တရားစွဲနှင့်အမှုလိုက်ဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး၊ အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှုများကို အထောက်အပံ့ပြုရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ အစိုးရအမှုလိုက်အရာရှိများ၏ စွမ်းရည်မြှင့်တင်ခြင်းဆိုင်ရာသင်တန်းများ ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရေး၊ ပုံမှန်မဟုတ်သောပြစ်မှုများနှင့် နည်းပညာအသုံးပြုကျူးလွန်သည့် ပြစ်မှုများဖြေရှင်းနိုင်ရေးအတွက် အစိုးရအမှုလိုက်အရာရှိများ၏ စွမ်းရည်မြှင့်တင်ဆောင်ရွက်မှုများ ပူးပေါင်းဆောင်ရွက်ရေး၊ ကဏ္ဍအလိုက်အာဆီယံဝန်ကြီးများအဖွဲ့အား တရားစွဲအမှုလိုက်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အထောက်အပံ့ပြုရန်နှင့် ပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဥပဒေရေးရာမူဘောင်များနှင့် တရားစွဲအမှုလိုက်ဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများကိုဖလှယ်ရေးဆိုင်ရာ အကြောင်းအရာများ စသည့်ကိစ္စရပ်များကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုကြေညာချက်လက်မှတ်ရေးထိုးခြင်းသည် အာဆီယံဥပဒေရေးရာများပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်တွင် စာမျက်နှာအသစ်တစ်ခုကို ဖွင့်လှစ်လိုက်ခြင်းပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အာဆီယံနိုင်ငံများမှ ရှေ့နေချုပ်များက အာဆီယံရှေ့နေချုပ်များ အစည်းအဝေးတည်ထောင်ခြင်းဆိုင်ရာ ကြေညာချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အာဆီယံရှေ့နေချုပ်များ အစည်းအဝေးတည်ထောင်ခြင်းဆိုင်ရာ ကြေညာချက်ကို လက်မှတ်ရေးထိုးခြင်းဖြင့် အာဆီယံနိုင်ငံများအတွင်း နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရာတွင် နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုရရှိစေနိုင်ခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရှေ့နေချုပ်ရုံးများအကြား တရားစွဲနှင့် အမှုလိုက်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်မည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# ကျိုင်းတုံမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ပြုလုပ်

နေပြည်တော် စက်တင်ဘာ ၁၆

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ခဲ့ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့်ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသား/ကျောင်းသူများ၏စာဖတ်ဝိုင်းပြုလုပ်နေမှုအား ကြည့်ရှုအားပေးကြသည်။ ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး မြို့နယ်စာပေချစ်မြတ်နိုးသူများအသင်းဥက္ကဋ္ဌက စာဖတ်ခြင်း၏အကျိုးကျေးဇူးများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ကျောင်းသား/ကျောင်းသူများ၏ တိုင်းရင်းသားရိုးရာအကအလှများဖြင့် သီဆိုကပြဖျော်ဖြေမှုများအား ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား/ကျောင်းသူများအား တိုင်းမှူးနှင့်တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြပြီး စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များ၊ စာအုပ်စာစောင်များနှင့် ပြိုင်ပွဲများပြုလုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သက်ကြီးပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင်ထောက်ပံ့ခြင်းနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၆

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ပဲခူးမြို့ ရပ်ကွက်ကြီး(၆) ဥဿာမြို့သစ်ရှိ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံ၌ ဝန်ထမ်းများ တာဝန်ထမ်းဆောင်နေမှု၊ ထောက်ပံ့ရေးပစ္စည်းများ သိုလှောင်ထားရှိမှုနှင့် ဝန်ထမ်းအိမ်ရာများကိုကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ပဲခူးတိုင်းဒေသကြီး မြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအား လူမှုရေးပင်စင်ထောက်ပံ့ခြင်း၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက သက်ကြီးပုဂ္ဂိုလ်များအတွက် အထောက်အပံ့ဖြစ်နိုင်စေရေးနှင့် ၎င်းတို့အားလေးစားတန်ဖိုးထားခြင်းအားဖြင့် နိုင်ငံတော်အစိုးရက ထောက်ပံ့သည့် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်အဖြစ် အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင်ထောက်ပံ့ကြေးများကို ခြောက်လစာ တစုတစည်းတည်း ပေးအပ်ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများ၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာများ၊ အမျိုးသမီးဂေဟာများ၊ မသန်စွမ်းဂေဟာများနှင့် ဘိုးဘွားရိပ်သာများအတွက် နိုင်ငံတော်အနေဖြင့်ထောက်ပံ့ခြင်းဖြစ်ကြောင်း၊ ဂေဟာ၊ ရိပ်သာများအနေဖြင့် ဘဏ္ဍာရေးစည်းမျဉ်းများ၊ စံလုပ်ငန်းလမ်းညွှန်များနှင့်အညီ ဆောင်ရွက်စေလိုကြောင်း ပြောကြားပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိအသက်၈၅ နှစ်နှင့်အထက် လူမှုရေးပင်စင်အကျိုးခံစားခွင့်ရှိသူ သက်ကြီးပုဂ္ဂိုလ် ၂၀၄၅၇ ဦးအတွက် လူမှုရေးပင်စင် ထောက်ပံ့ကြေးငွေကျပ် ၁၂၀၄ ဒသမ ၈၀၀ သန်း၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများဖြစ်သော လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ၁၁ ခု၊ အမျိုးသမီးဂေဟာ တစ်ခုနှင့် ဘိုးဘွားရိပ်သာ ၁၆ ခု စုစုပေါင်း ဂေဟာ၊ ရိပ်သာ ၂၈ ခုနှင့် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း ၇၉ ကျောင်းတို့အတွက် ထောက်ပံ့ကြေး ငွေကျပ် ၂၇၉ ဒသမ ၇၆၉ သန်းနှင့် ယာယီနေရပ်စွန့်ခွာပြည်သူ ၁၃၄၇၀၄ ဦးအတွက် နိုင်ငံတော်က ထောက်ပံ့ငွေကျပ် ၆၈၈၂ ဒသမ ၂၄၀ သန်းကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပေးအပ်ကာ မသန်စွမ်းသူသုံးဦးအတွက် Wheel Chair များပေးအပ်သည်။

ယနေ့အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင် အကျိုးခံစားခွင့်ရှိသူ ၂၀၄၅၇ ဦး၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက စောင့်ရှောက်ထားသူ ၁၉၃၃ ဦးနှင့် ယာယီနေရပ်စွန့်ခွာပြည်သူ ၁၃၄၇၀၄ ဦး စုစုပေါင်း ၁၃၇၀၉၄ ဦးအတွက်ထောက်ပံ့ငွေ စုစုပေါင်းငွေကျပ် ၈၃၆၆ ဒသမ ၈၀၉ သန်းကို ထောက်ပံ့ပေးခဲ့သည်။

အခမ်းအနားအပြီးတွင် ပဲခူးတိုင်းဒေသကြီး အမှတ်(၁)မူလတန်းကြိုကျောင်း၌ ကလေးငယ်များအား လက်ခံစောင့်ရှောက်ထားရှိမှုကို ကြည့်ရှုပြီး လူမှုဝန်ထမ်းရုံး၌ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားကာ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးပပထွန်းကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ရေဘေးအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသောပစ္စည်းများ ရောက်ရှိလွှဲပြောင်းပေးအပ်




ရန်ကုန် စက်တင်ဘာ ၁၆

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ရာဂိမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသည့် ရေကြီးရေလျှံမှုတို့ကြောင့် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပေးပို့သည့် ထောက်ပံ့ပစ္စည်းများအား ကုန်သေတ္တာတင်သင်္ဘော MV.Hansa Bitburg ဖြင့်တင်ဆောင်ကာ သီလဝါဆိပ်ကမ်းသို့ရောက်ရှိလာခဲ့ကြောင်း သိရသည်။

ယင်းထောက်ပံ့ပစ္စည်းများသည် ပထမအသုတ်ဖြစ်ကြောင်းသိရပြီး အသက်ကယ်ဖောကွင်း ၂၀၀၀၀၊ ရှာဖွေကယ်ဆယ်ရေးသုံးကြိုး ၁၀၀၀၀၊ အဖုံးပါပလတ်စတစ်ပုံး ၅၀၀၀ တို့ပါဝင်ကာ ပေ ၄၀ ကွန်တိန်နာ ၂၇ လုံးဖြင့်သယ်ဆောင်လာခြင်းဖြစ်သည်။

၎င်းပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့ ညနေပိုင်းက ကျောက်တန်းမြို့နယ်ရှိ သီလဝါဆိပ်ကမ်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါလှူဒါန်းပစ္စည်းများအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ Mr. Jia Junjie Minister Counsellor၊ Ms . Ma Biying Attache တို့က ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညီညီနိုင်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသန်းစိုး၊ သန်လျင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းနှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများက လက်ခံရယူကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းရောက်ရှိလာသည့်ပစ္စည်းများအား ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဗဟိုသိုလှောင်ရုံ ရန်ကုန်မြို့၌ ခေတ္တထိန်းသိမ်းထားရှိပြီး ရေဘေးသင့်ဒေသများသို့ စနစ်တကျ ဖြန့်ခွဲပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။ **ဝန်းရံခ**

## မိုး ထစ်ချုန်း ရွာမည်

နေပြည်တော် စက်တင်ဘာ ၁၆

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၉-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၂၅ | ၃၀၃၅ | ၃၀၀၅ | ၂၉၄၀ | ၃၀၄၅ | ၃၀၆၀ | ၃၀၇၅ | ၂၉၉၅ | ၄၅၀၅ | ၃၂၉၀ | ၃၀၁၀ | ၃၀၁၅ | ၃၀၈၅ | ၃၀၅၀ | ၃၀၇၀ | ၃၃၂၅ |
| 95 Ron | ၂၉၉၅ | ၃၁၀၅ | ၃၀၇၅ | ၃၀၁၀ | ၃၁၁၅ | ၃၁၃၀ | ၃၁၄၅ | ၃၀၆၅ | ၄၅၆၀ | ၃၃၆၀ | ၃၀၈၀ | ၃၀၈၅ | ၃၁၅၅ | ၃၁၂၀ | ၃၁၄၀ | ၃၃၉၅ |
| HSD (500 ppm) | ၂၅၇၅ | ၂၆၉၀ | ၂၆၅၅ | ၂၅၉၀ | ၂၆၉၅ | ၂၇၁၀ | ၂၇၂၅ | ၂၆၄၅ | - | ၂၉၄၀ | ၂၆၆၀ | ၂၆၆၅ | ၂၇၃၅ | ၂၇၀၀ | ၂၇၂၀ | ၂၉၇၅ |
| HSD (50 ppm) | ၃၀၇၅ | ၃၂၈၅ | ၃၂၅၀ | ၃၀၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | ၄၈၃၀ | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |
| HSD (10 ppm) | ၃၀၇၅ | ၃၂၈၅ | ၃၂၅၀ | ၃၀၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | - | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၅၆ | ၂၈၄၅ |
| 95 Ron | ၂၈၂၄ | ၂၉၁၄ |
| HSD (500 ppm) | ၂၄၁၈ | ၂၄၉၆ |
| HSD (50 ppm) | ၂၉၉၈ | ၃၀၈၇ |
| HSD (10 ppm) | ၂၉၉၈ | ၃၀၈၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အစားအစာဘေးကင်းလုံခြုံမှုနှင့် အစာအဆိပ်သင့်အန္တရာယ်

မျက်မှောက်ကာလတွင် လူဦးရေ တိုးပွားလာမှု၊ အစားအစာလိုအပ်ချက် မြင့်တက်လာမှုတို့နှင့်အတူ အများပြည်သူတို့ နေ့စဉ်ရင်ဆိုင်နေရသည့် ကိစ္စတစ်ရပ်မှာ အစားအစာဘေးကင်းလုံခြုံမှုဖြစ်သည်။ လူ့ဘဝတွင် ဘေးကင်းပြီး အာဟာရပြည့်ဝသောအစားအစာများ စားသုံးနိုင်ရေးသည် အဓိကအချက်ဖြစ်သည်။

အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးဆိုသည်မှာ ကူးစက်ရောဂါများမှ ကာကွယ်ရန် အစားအစာများကို ကိုင်တွယ်ထိန်းသိမ်းခြင်း၊ သိုလှောင်ခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းစဉ်များတွင် စားသုံးသူအတွက် အစားအစာ၏ အာဟာရဓာတ် အလုံအလောက်ကို ထိန်းထားနိုင်ပြီး ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသည့် အစားအစာကိုဆိုလိုကြောင်း ကမ္ဘာ့စားရေရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ သတ်မှတ်ထားသည်။

အစားအစာဘေးအန္တရာယ်ကင်းရှင်းမှုမရှိသည့်ဖြစ်စဉ်များကို လေ့လာကြည့်ပါက အစားအစာကိုပြင်ဆင်ရာ၌ သန့်ရှင်းမှုမရှိခြင်း၊ ကာလကြာရှည်စွာထိန်းသိမ်းထားခြင်း၊ သက်တမ်းကုန်ဆုံးခြင်းနှင့် လတ်ဆတ်မှုမရှိသော အစားအစာများကို စားသုံးမိခြင်းတို့က အဓိကအချက်များဖြစ်နေသည်ကို တွေ့ရှိရသည်။

အစားအစာ ဘေးကင်းရေးသည် ထုတ်လုပ်မှုမှရိတ်သိမ်းခြင်း၊ စီမံဆောင်ရွက်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ပြင်ဆင်ခြင်းနှင့် စားသုံးခြင်းအထိ ပါဝင်သည်။ သို့ရာတွင် အများပြည်သူတို့၏ နေ့စဉ်ဘဝတွင် အန္တရာယ်မကင်းသည့် အစားအသောက်များဖြင့် ယှဉ်ပါးနေကြသည်။ အစားအသောက်တချို့၌ ဗက်တီးရီးယားပိုးများ၊ ဗိုင်းရပ်စ်ပိုးများနှင့် ကူးစက်ရောဂါပိုးမွှားများပါဝင်နေမှု၊ ဓာတုဓာတ်ကြွင်းများ ကျန်ရှိနေမှု၊ စားသောက်ကုန်များ၌ ခွင့်မပြုသောဆိုးဆေး၊ ဓာတုဆေးဝါးများ ထည့်သွင်းအသုံးပြုမှုနှင့် အစားအစာရောင်းချသူများ၏သန့်ရှင်းမှုအားနည်းခြင်းတို့ကို နေ့စဉ်နှင့်အမျှ ရင်ဆိုင်နေကြရသည့် ကိစ္စရပ်ဖြစ်သည်။

ယနေ့ခေတ်တွင် အကင်မျိုးစုံစားသုံးမှုပိုများလာသည်။ စားသောက်ဆိုင်များနှင့် လမ်းဘေးဈေးဆိုင်များတွင် အလွယ်တကူရရှိနိုင်သည်။ အသားလုံး၊ အသားပြားစသည်ဖြင့် စားချင်စဖွယ်ပုံစံအမျိုးမျိုးဖြင့် ခင်းကျင်းပြသထားသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ အဆိုပါ အစားအစာများတွင်အသုံးပြုထားသည့် ကြာရှည်ခံဆေးနှင့် အရောင်တင်ဆေးများ၏အချိုးအစား၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)၏ ခွင့်ပြုချက်၊ ထောက်ခံချက်ရရှိမှုစသည့် စားသုံးသူဆိုင်ရာ သတင်းအချက်အလက်များ ပြည့်စုံစွာဖော်ပြထားခြင်းမရှိပေ။

ထို့ကြောင့် ပြည်တွင်းဈေးကွက်၌ စားသုံးရန်မသင့်သော အစားအသောက်များကို ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အခါအားလျော်စွာ အသိပေးထုတ်ပြန်လျက်ရှိသည်။ ဈေးများနှင့် ကျောင်းမုန့်ဈေးတန်းများတွင် ရောင်းချနေသော အစားအသောက်များကိုစစ်ဆေးရာ ယင်းအစားအသောက်များတွင် စားသုံးသူများ၏ ကျန်းမာရေးကိုထိခိုက်စေနိုင်သော တာရှည်ခံဓာတုပစ္စည်းများ၊ ခွင့်မပြုဆိုးဆေးများပါဝင်မှုနှင့် ခွင့်ပြုအစားအသောက်ထပ်ဖြည့်ပစ္စည်းများကို သတ်မှတ်ပမာဏထက် ပိုမိုကျော်လွန်သုံးစွဲထားသောကြောင့် အစာအိမ်၊ အသည်း၊ ကျောက်ကပ်များ ပျက်စီးစေနိုင်ခြင်းနှင့် ကင်ဆာရောဂါများဖြစ်ပွားစေနိုင်သဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှထုတ်ပြန်ထားသော အစားအသောက်များကို စားသုံးခြင်းမပြုရန် သတိထားသင့်သည်။

**ဆိုးဆေးများအတွက်**
**FDA အကြံပြုချက်**

- မြန်မာနိုင်ငံတွင် Sudan Dyes အနီရောင်ဆိုးဆေး၊ Auramine O အဝါရောင်ဆိုးဆေး၊ Rhodamine B အနီရောင်ဆိုးဆေး၊ Orange II လိမ္မော်ရောင်ဆိုးဆေးများကို ငရုတ်သီးမှုန့်နှင့် အရောင်တင်မှုန့်၊ လက်ဖက်၊ ယိုစုံနှင့် ပဲနီလေးတို့တွင် အများဆုံးတွေ့ရပြီး ဆိုးဆေးသုံးထားသည့် အစားအစာများကို မစားမိကြရန် သတိထားသင့်သည်။
- အစားအစာများ ဘေးကင်းစေရန် သေချာစစ်ဆေးဝယ်ယူသင့်သည်။
- နေ့စဉ်စားသုံးနေကြသည့် အခြေခံစားသောက်ကုန်နှင့် မုန့်မျိုးစုံတို့တွင် အရောင်ဆိုးဆေးနှင့် ဓာတုဆိုးဆေးများပါဝင်နေပြီး စားသုံးသူများအနေဖြင့် သတိပြုစားသုံးသင့်သည်။
- ဝယ်ယူသည့် စားသောက်ကုန်ပစ္စည်းက သက်တမ်းလွန်နေခြင်း၊ အထားအသိုမှားခြင်းတို့ကြောင့် ရောဂါပိုးများပါရှိသဖြင့် စားသုံးသူများ အထူးဂရုပြုဝယ်ယူသင့်သည်။
- စားသောက်ကုန်များကို ပစ္စည်းအထုပ်အပေါ်၌ ဖော်ပြထားသည့် အချက်အလက်များကိုလေ့လာပြီးမှ ဝယ်ယူစားသုံးသင့်သည်ဟု အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ သတိပေးနှိုးဆော်လျက်ရှိသည်။

**"အစားအစာဘေးအန္တရာယ်ကင်းရှင်းမှုမရှိသည့် ဖြစ်စဉ်များကိုလေ့လာကြည့်ပါက အစားအစာကိုပြင်ဆင်ရာ၌ သန့်ရှင်းမှုမရှိခြင်း၊ ကာလကြာရှည်စွာထိန်းသိမ်းထားခြင်း၊ သက်တမ်းကုန်ဆုံးခြင်းနှင့် လတ်ဆတ်မှုမရှိသော အစားအစာများကို စားသုံးမိခြင်းတို့က အဓိကအချက်များ ဖြစ်နေသည်ကို တွေ့ရှိရသည် . . ."**

မည်သို့ပင်ဆိုစေကာမူ ဈေးကွက်ပြိုင်ဆိုင်မှု ပြင်းထန်လာမှုနှင့်အတူ အစားအသောက်ထုတ်လုပ်သူ တချို့သည် ယင်းတို့ထုတ်လုပ်သည့် အစားအသောက်များကို ဆွဲဆောင်မှုရှိစေရန်နှင့် တာရှည်ခံစေရန် တရားမဝင်ဓာတုပစ္စည်းများကို အသုံးပြုလာကြသည်။ အစားအသောက်များတွင် စက်မှုလုပ်ငန်းသုံးအရောင်ဆိုးဆေး Auramine O အသုံးပြုမှု၊ တာရှည်ခံစေရန် ဖော်မလင် (Formalin) အသုံးပြုမှုများကို မကြာခဏတွေ့မြင်ရလေ့ရှိသည်။

**တာရှည်ခံစေရန် အသုံးပြုသည့်**
**ဖော်မလင်အဆိပ်သင့်အန္တရာယ်**

ဖော်မလင်ကို အစားအသောက်အများအပြားတွင် တွင်တွင်ကျယ်ကျယ် အသုံးပြုလေ့ရှိသည့် ဓာတုပစ္စည်းတစ်မျိုးဖြစ်၍ အစားအစာဘေးကင်းလုံခြုံမှုကိုထိခိုက်စေသည်။ လူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုရှိနေသဖြင့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးပြဿနာတစ်ရပ်လည်းဖြစ်သည်။ ဖော်မလင်သည် အရောင်အဆင်းမရှိ၊ အနံ့ပြင်းသည့် ဓာတုပစ္စည်းတစ်မျိုးဖြစ်ပြီး ဖော်မယ်ဒီဟိုက်၊ မက်သနောနှင့် ရေတို့ပေါင်းစပ်ထားသော အရောအနှောတစ်ခုဖြစ်သည်။ ယင်းသည် ပိုးမွှားများကိုသေစေခြင်း၊ အရောင်အသွေးပိုမိုကောင်းမွန်စေခြင်းနှင့် ထုတ်ကုန်ပစ္စည်းသက်တမ်းတာရှည်ခံခြင်း စသည့်အာနိသင်များရှိကြောင်း သိရသည်။

ဖော်မလင်ပါရှိသော အစားအသောက်များကို ကာလကြာရှည်စားသုံးမိပါက ကျောက်ကပ်၊ အသည်း၊ အစာအိမ်၊ အဆုတ်တို့ကိုထိခိုက်စေပြီး ရေရှည်တွင် ကင်ဆာရောဂါဖြစ်ပွားခြင်း၊ အသည်းခြောက်ခြင်း၊ သွေးအားနည်းခြင်း၊ သွေးကင်ဆာ၊ အဆုတ်ကင်ဆာနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာကင်ဆာများ ဖြစ်ပွားနိုင်သည်။ အထူးသဖြင့် ဖော်မလင်သည် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များကို ဆိုးဆိုးရွားရွားထိခိုက်စေနိုင်ကြောင်း ဆေးပညာရှင်များက သတိပေးထားသည်။

ဖော်မလင် အဆိပ်သင့်ခံရပါက ကျန်းမာရေးကိုထိခိုက်စေနိုင်ပြီး ယင်းတို့ကို စားသောက်ပြီးနောက် များမကြာမီအချိန်အတွင်းမှာပင် ဆိုးကျိုးများအဖြစ် ခန္ဓာကိုယ်အနံ့ရောင်ရမ်းခြင်း၊ အရေပြားတွင်အနာဖြစ်လာခြင်း၊ ပျို့အန်ခြင်း၊ ခေါင်းမူး၍အသက်ရှူကျပ်ခြင်း၊ သွေးဝမ်းသွားခြင်း၊ ဗိုက်အောင့်ခြင်းတို့ ဖြစ်စေနိုင်သည်။

မြန်မာနိုင်ငံတွင် နေ့စဉ်ရောင်းချနေကြသော အစားအစာတချို့တွင် ဖော်မလင်ပါရှိနေကြောင်း သက်ဆိုင်ရာဌာနများမှ စစ်ဆေးသည့်အခါတိုင်း တွေ့ရှိနေရသည်ကို သတင်းများတွင် မကြာခဏတွေ့မြင်ရလေ့ရှိသည်။ အထူးသဖြင့် ဈေးတချို့တွင် ကြက်သွေး၊ ဘဲသွေးဟုဆိုကာ ရောင်းချနေသော သွေးခဲများ၊ ပဲပြားနှင့် ပဲသွေးဈေးကွက်နမူနာများကို ရှောင်တခင်စစ်ဆေးမှုများတွင် ဖော်မလင်ကို တွေ့ရလေ့ရှိသည်။ ယင်းပစ္စည်းများကို သိမ်းယူဖျက်ဆီးခြင်း၊ ဖော်မလင် ထည့်သွင်းထုတ်လုပ်သည့် လုပ်ငန်းရှင်ကို ခေါ်ယူစစ်ဆေးကာ ကာလတစ်ခုအထိ ထုတ်လုပ်ခွင့်ပိတ်သိမ်းခြင်းတို့ဖြင့် အရေးယူမှုများရှိခဲ့သည်။

သို့သော် ဖော်မလင်ကို ပဲပြား၊ ပဲသွေး၊ ပဲကြာဆံ၊ မုန့်ဖတ်နှင့် စားသောက်ကုန်တချို့တွင် တာရှည်ခံပစ္စည်းအဖြစ် ထည့်သွင်းအသုံးပြုနေကြောင်း သတင်းများထွက်ပေါ်နေဆဲဖြစ်သည်။ သို့ဖြစ်၍ တချို့သော စားသောက်ကုန်ထုတ်လုပ်သူများသည် မိမိတို့၏ထုတ်ကုန်တွင် ဖော်မလင်အသုံးပြုထားခြင်းမရှိကြောင်း အာမခံချက်ဖြင့် ရောင်းချနေသည်ကိုလည်း တွေ့ရှိရသည်။ မည်သို့ပင်ဖြစ်စေ စားသောက်ကုန်များတွင် ဖော်မယ်လင် အသုံးပြုထားခြင်းရှိ၊ မရှိဆိုသည်မှာ အများပြည်သူတို့အနေဖြင့် စစ်ဆေးနိုင်ရန် မလွယ်ကူနိုင်ပေ။ ဖော်မလင်သည် ဆေးဘက်ဆိုင်ရာနှင့် စက်မှုနယ်ပယ်များတွင်သာ တရားဝင်အသုံးပြုနိုင်သော ဓာတုပစ္စည်းဖြစ်သည်။ စားသောက်ကုန်များ၌ အသုံးပြုရန် ခွင့်ပြုထားခြင်းမရှိပေ။

အချုပ်ဆိုရသော် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဈေးကွက်အတွင်းရှိ အစားအသောက်များကို မကြာခဏစစ်ဆေးပြီးတွေ့ရှိပါက ထိရောက်သည့် အရေးယူမှုများ၊ ကျန်းမာရေးအသိပညာပေးမှုများကို တိုးမြှင့်လုပ်ဆောင်နေပြီး လုပ်ငန်းရှင်များသည်လည်း ဈေးကွက်အတွင်း ကျန်းမာရေးနှင့် ညီညွတ်မှုရှိသည့် စားသောက်ကုန်များကိုသာ ဖြန့်ဖြူးရောင်းချခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

ပေါက်ပေါက်

# ကျိုက်ထိုမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ခြင်းလုပ်ငန်းဆောင်ရွက်

ကျိုက်ထို စက်တင်ဘာ ၁၆

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး အသိပညာဗဟုသုတတိုးပွားစေရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးနယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ခြင်းလုပ်ငန်းကို စက်တင်ဘာလ ၁၆ ရက်တွင် ကျိုက်ထိုမြို့ ကံ့ကော်ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း (ကော့ဘိန်း-၁)၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ခိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား ၊ကျောင်းသူများ အားလပ်ချိန်တွင် အချိန်ကိုအကျိုးရှိစွာအသုံးပြုရေး၊ ကျောင်းစာကိုကြိုးစားကြသကဲ့သို့ ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးမှုများကို ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများ ပြုလုပ်ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့်ကလေးများအသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်သတိပြုကာကွယ်ရေးစသည့် အသိပညာပေးနံရံကပ်စာစောင်တို့ကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ချမ်းမြေ့

# လှိုင်းဘွဲ့မြို့နယ် ကျောက်တောင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ ဆင့်ပွားမအကြိမ်ထုတ်ချေး

လှိုင်းဘွဲ့ စက်တင်ဘာ ၁၆


ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျောက်တောင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ ဆင့်ပွားမအကြိမ်ထုတ်ချေးခြင်းကို စက်တင်ဘာလ ၁၆ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်နိုင်ထွန်းနှင့် ဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ တခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် VRFP စီမံကိန်းရန်ပုံငွေကို ထိရောက်အောင်မြင်အောင်ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျောက်တောင်ကျေးရွာမှ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ ရန်ပုံငွေများလွှဲပြောင်းပေးအပ်သည်။

ယင်းနောက် စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက VRFP စီမံကိန်းရန်ပုံငွေ ဆင့်ပွားမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူငါးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦး စုစုပေါင်း အသင်းသား ၃၈ ဦးကို ငွေကျပ် ၄၃၀ သိန်းအား အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုသက်




# မိတ္ထီလာမြို့ အခြေခံပညာအထက်တန်းကျောင်း(ချည်စက်)၌ သင်ထောက်ကူပြပွဲအခမ်းအနားကျင်းပ

မိတ္ထီလာ စက်တင်ဘာ ၁၆



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ အခြေခံပညာအထက်တန်းကျောင်း(ချည်စက်)၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများပူးပေါင်း၍ သင်ထောက်ကူပြပွဲအခမ်းအနားကို စက်တင်ဘာလ ၁၆ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် Grade- 5 မှ မယွန်းချယ်ရီကိုကိုက ရွှင်လန်းနိုင်ကြပါစေ သီချင်းဖြင့်သီဆိုဖျော်ဖြေသည်။ ထို့နောက် မိတ္ထီလာခရိုင်ပညာရေးမှူး ဒေါ်မော်မော်က ကျောင်းတွင်း သင်ထောက်ကူပြပွဲ ပြသဆောင်ရွက်ခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ကြားပေးရာတွင် အကျိုးကျေးဇူးပြုကြောင်း၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်ရသည်ဖြစ်၍ စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ရရှိရုံသာမက ဆရာနှင့်တပည့် အချင်းချင်း ပိုမိုရင်းနှီးခင်မင်ယုံကြည်မှုကိုလည်း ရရှိနိုင်သောကြောင့် ပညာသင်ကြားခြင်းလုပ်ငန်းလည်း ယခင်ကထက် တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျောင်းသူများက အောင်မြင်ပါစေ မြန်မာပြည်သီချင်းဖြင့် ကပြဖျော်ဖြေပြီး ဆရာမဒေါ်ခင်သီတာက ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် ကျောင်းတွင်းသင်ထောက်ကူပြပွဲတွင် ပြသထားသည့် မြန်မာစာ၊ ပထဝီဝင်၊ သမိုင်းပြခန်း၊ အင်္ဂလိပ်စာ၊ သင်္ချာပြခန်း၊ ဓာတုဗေဒ၊ ရူပဗေဒ၊ အထွေထွေသိပ္ပံပြခန်းနှင့် ဇီဝဗေဒ ၊ ဘောဂဗေဒပြခန်းများအား ခရိုင်ပညာရေးမှူး ဒေါ်မော်မော်၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်လဲ့လဲ့စိုးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(မဝ၂)

# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားစေရန် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၁၅ ရက်က မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်နှင့်ဒုတိယဦးစီးမှူး ဦးထက်မြက်သူတို့က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန်၊ အလိမ္မာစာမှာရှိ၊ စာအုပ်စာပေလူ့မိတ်ဆွေဆိုသည့်အတိုင်း စာအုပ်စာပေများချစ်မြတ်နိုးတတ်စေရန်၊ ကျောင်းစာအပြင် ပြင်ပစာပေများလေ့လာဖတ်ရှုကြစေရန်၊ စာကြည့်တိုက်နှင့်ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ ငယ်ရွယ်စဉ်ကပင် စာအုပ်စာပေများ လေ့လာဖတ်ရှုတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် စသည့် အကြောင်းအရာများကို ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ ပုံပြောပြိုင်ပွဲအား ကျင်းပရာ အခြေခံပညာမူလတန်းလွန်ကျောင်း (ပတုပ်)မှ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးအပ်ခဲ့သည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **ကျော်သူရ(ကော့မှူး)**

# ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်း (၁/၂၀၂၅) ဖွင့်လှစ်

ဝါးခယ်မ စက်တင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၇၈) စက်မှုလယ်ယာစခန်း၌ စက်တင်ဘာလ ၁၅ ရက်က ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်း(၁/၂၀၂၅) ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးရဲမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြောင်းမြခရိုင် စက်မှုလယ်ယာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးက ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စပါးများရိတ်သိမ်းရာတွင် အလေအလွင့်မရှိစေရေး၊ မောင်းနှင်သည့်အခါ မောင်းနှင်သူကြောင့် အလေအလွင့်မဖြစ်ပေါ်စေရေး၊ နည်းစနစ်များ မှန်ကန်စွာဆောင်ရွက်နိုင်စေရေး၊ စပါးပင်များထိခိုက်မှုမရှိစေရေး၊ ကွင်း၏အနေအထား၊ မိမိမောင်းနှင်မည့်စက်၏အနေအထားများကို ကောင်းမွန်စွာသိရှိနိုင်စေရေးရည်ရွယ်၍ သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများပေးအပ်ပြီး ဝါးခယ်မမြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးစည်သူကျော်က တက်ရောက်လာကြသူများနှင့် သင်တန်းသားများအား သင်ကြားပြသပေးမည့် စက်ကိရိယာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဝါးခယ်မမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၂၅ ဦးတက်ရောက်ကြပြီး သင်တန်းကို စက်တင်ဘာလ ၁၅ ရက်မှ ၂၆ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။ **လွမ်းသီဟ(မြန်/ဆက်)**

# ပြည်တွင်းနှင့်နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ အထွေထွေရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခွင့်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ပြည်တွင်းနှင့်နိုင်ငံတကာရွေးကောက်ပွဲ**
**စောင့်ကြည့်လေ့လာသူများ**
**အထွေထွေရွေးကောက်ပွဲ**
**စောင့်ကြည့်လေ့လာခွင့်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍**
**အသိပေးကြေညာခြင်း**
**၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၆ ရက်**

၁။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လေ့လာလိုသည့် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လေ့လာလိုသည့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ကို ယနေ့မှစတင်ကာ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့အထိ လျှောက်ထားနိုင်ပါသည်။

၂။ လွှတ်တော်ရွေးကောက်ပွဲများစောင့်ကြည့်လေ့လာရာတွင်ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများလိုက်နာရမည့်ကျင့်ဝတ်ကို အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၅) ဖြင့်လည်းကောင်း၊ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၅) ဖြင့်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၆ - ၉ - ၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါအမိန့်ကြော်ငြာစာများကိုပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Official Website ဖြစ်သည့် https://www.uec. gov.mm တွင် ဝင်ရောက်ကြည့်ရှု၍ Download ရယူနိုင်ပါသည်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို တိုက်ရိုက်ဖိတ်ကြားစာပေးပို့၍သော်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် သံတမန်ဆက်သွယ်မှုပြုထားသည့် နိုင်ငံခြားသံရုံးများ၊ ကောင်စစ်ဝန်ရုံးများနှင့် အမြဲတမ်းကိုယ်စားလှယ်ရုံးများမှ ကိုယ်စားလှယ်များကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဖိတ်ကြား၍သော်လည်းကောင်း နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအဖြစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

---

## လယ်ဝေးမြို့နယ်နှင့်ဒက္ခိဏသီရိမြို့နယ်အတွင်း သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်နေမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှု



နေပြည်တော် စက်တင်ဘာ ၁၆

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် ရာဇသင်္ဂဟလမ်းတစ်လျှောက် ဘေး/ဝဲယာနှင့် ကြာကန်ပတ်လည်သန့်ရှင်းသာယာလှပစေရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုပြီး လမ်းလယ်ကျွန်းများတွင် မြေယာရှုခင်းနှင့်ပန်းအလှပင်များထည့်သွင်းစိုက်ပျိုးရန်၊ Box Culvert များတွင် အမှိုက်များပိတ်ဆို့မှုမရှိစေရေး၊ လမ်းပခုံးသားများ သတ်မှတ်ချက်နှင့်အညီ စနစ်တကျရှိစေရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် ကံ့ကော်ဝိုင်းအနီး ရာဇသင်္ဂဟလမ်းနှင့် လယ်ဝေးမြို့နယ်လေဆိပ်လမ်းတစ်လျှောက် သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး လမ်းတစ်လျှောက် သန့်ရှင်းသာယာလှပစေရန် ပန်းအလှပင်များနှင့် အရိပ်ရအပင်များ စနစ်တကျစိုက်ပျိုးရန်၊ မြို့တော်အင်္ဂါရပ်နှင့်အညီ Green City၊ Clean City၊ Smart City ဖြစ်စေရေး၊ ငလျင်ဘေးကြောင့်ထိခိုက်ခဲ့သည့် လမ်းဘေးပလက်ဖောင်းများ အချိန်မီပြန်လည်ပြုပြင်ရေး၊ လမ်းဘေးမြောင်းများ အမှိုက်ပိတ်ဆို့မှုမရှိစေရေးနှင့် အမှိုက်များစနစ်တကျစွန့်ပစ်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

---

## ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့်ကယားပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့် ကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၁၆

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က အောင်ပန်းမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးသည် ကျောင်းအုပ်၊ သင်တန်းနည်းပြများ၊ ဝန်ထမ်းများနှင့် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားပြီး ချီးမြှင့်ငွေများပေးအပ်၍ ဘာသာရပ်အလိုက် လေ့ကျင့်သင်ကြားနေမှု၊ သင်ထောက်ကူပစ္စည်းများ၊ အိပ်ဆောင်၊ စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးကာ သင်တန်းသားများနှင့်အတူ နေ့လယ်စာသုံးဆောင်သည်။

ယင်းနောက် ဆီဆိုင်မြို့နယ် ဇဝနာရာမ စာသင်တိုက်အတွင်း တည်ဆောက်လျက်ရှိသည့် ပေ ၆၀ x ၃၀ နှစ်ထပ် ဆွမ်းစားကျောင်းဆောင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရေး မှာကြားသည်။

မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ သင်တန်းသူများနှင့် တွေ့ဆုံပြီး ဒုတိယဝန်ကြီးက နယ်မြေတည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်နိုင်မည်ဖြစ်၍ တည်ငြိမ်အေးချမ်းရေးကို အလေးထားဦးစားပေးတည်ဆောက်ရမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ထမ်းများအနေဖြင့်လည်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်၊ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံပြီး အသိဉာဏ်နှင့်ဆင်ခြင်တုံတရားများကို တိုးတက်မြင့်မားလာစေရန် ပြုစုပျိုးထောင်ပေးသွားကြရမည်ဖြစ်ကြောင်းပြောကြားပြီး ချီးမြှင့်ငွေများပေးအပ်ခဲ့ကာ ကျောင်းဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် မြို့တော်ခန်းမ၌ကျင်းပသည့် အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးမှုကြောင့် လွိုင်ကော်မြို့အတွင်း နေအိမ်ပျက်စီးမှုများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက ထောက်ပံ့ပေးအပ်သည့် အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ တက်ရောက်သည်။

ထို့နောက် လွိုင်ကော်မြို့ရှိပုပ္ပါရုံကျောင်းတိုက်၌ ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၊ ကယားပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(လွိုင်ကော်)တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ သင်တန်းသူများနှင့်အတူ နေ့လယ်စာသုံးဆောင်သည်။

ယင်းနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ဝါးခရာ-ပန်တီလမ်း ၁ မိုင် ၃ ဖာလုံအနက် ၆ ဖာလုံ ကတ္တရာခင်းခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဆိုက်ခေါင်)၌ ကျောင်းအုပ်၊ ဝန်ထမ်းများ၊ သင်တန်းနည်းပြများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ချီးမြှင့်ငွေများပေးအပ်ကာ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လူငယ်သင်တန်းကျောင်း (ဆိုက်ခေါင်) မှ အထက(၁)ကျောင်းသို့ ဆက်သွယ်ထားသည့်လမ်း ၃ ဖာလုံအား ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့်ဟိုပုံးမြို့နယ် သာယာကုန်းကျေးရွာတွင် ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပပြုလုပ်



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် အမျိုးသား/အမျိုးသမီး စုပေါင်းတံခွန်စိုက်ဒိုင်း ရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းအား တံခွန်စိုက်ဒိုင်းဆု၊ ဆင့်ပွားဒိုင်းနှင့် ငွေသားဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် စက်တင်ဘာ ၁၆

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေဇေယျာသီရိတပ်မတော်အားကစားကွင်း၌ပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား တပ်မတော် အားကစားနှင့်ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် တက်ရောက်သည်။

အဆိုပါအားကစားပြိုင်ပွဲသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများတက်ရောက်ကြသည်။

ဦးစွာ တပ်မတော် အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် အမျိုးသား/အမျိုးသမီး(မီတာ ၁၀၀)အပြေးပြိုင်ပွဲ၊အမျိုးသား/အမျိုးသမီး(မီတာ ၁၅၀၀) အပြေးပြိုင်ပွဲနှင့်အမျိုးသား/အမျိုးသမီးမီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အမျိုးသားတံခွန်စိုက်ဒိုင်းကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းက လည်းကောင်း၊ အမျိုးသမီးတံခွန်စိုက်ဒိုင်းကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် အသင်းကလည်းကောင်း၊ အမျိုးသား/အမျိုးသမီး စုပေါင်းတံခွန်စိုက်ဒိုင်းကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) အသင်းကလည်းကောင်း အသီးသီးရရှိပြီး ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများနှင့် အသင်းလိုက်ဆုရရှိကြသူများအား တာဝန်ရှိသူများကလည်းကောင်း၊ အမျိုးသား/အမျိုးသမီး စုပေါင်းတံခွန်စိုက်ဒိုင်းရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တပ်မတော်အားကစားနှင့်ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်ကလည်းကောင်း တံခွန်စိုက်ဒိုင်းဆု၊ ဆင့်ပွားဒိုင်းနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် စက်တင်ဘာလ ၁၂ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)





တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။

# မြန်မာ့တပ်မတော် ( ကြည်း ၊ ရေ ၊ လေ ) မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံသို့ ထွက်ခွာ



မြန်မာ့တပ်မတော် ( ကြည်း၊ ရေ၊ လေ) မှ ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့အား နေပြည်တော်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး နေအောင်စိုးနှင့် တာဝန်ရှိသူများက လေဆိပ်၌ပို့ဆောင် နှုတ်ဆက်ကြစဉ်။

နေပြည်တော် စက်တင်ဘာ ၁၆

မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများပိုမိုတိုးမြှင့်ရန် နှင့်ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ လေ့လာရေးခရီးစဉ်များအပြန်အလှန်လည်ပတ်ရန် အတွက်ဗိုလ်မှူးကြီးဇာနည်အောင်ဦးဆောင်သည့် မြန်မာ့တပ်မတော် (ကြည်း၊ ရေ၊ လေ ) မှ အရာရှိ၊ စစ်သည်များပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်လေဆိပ်မှ အိန္ဒိယနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးနေအောင်စိုး၊ တပ်မတော်အရာရှိကြီးများ ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး JASWINDER S GILL တို့က လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါမြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင်တပ်မတော် (ကြည်း၊ ရေ၊ လေ )မှ အရာရှိ၊ စစ်သည်များ စုစုပေါင်း ၁၂၀ ဦးလိုက်ပါသွားပြီး အိန္ဒိယနိုင်ငံ၊ ဂါယာမြို့ရှိအထင်ကရနေရာများ၊ သင်တန်းကျောင်း၊ စေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ စက်တင်ဘာလ ၁၉ ရက်အထိ လေ့လာလည်ပတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၆

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# မြန်မာ - တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး တွေ့ဆုံဆွေးနွေးပွဲ- The Soul Treasure of Myanmar ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတွေ့ဆုံဆွေးနွေးပွဲ – The Soul Treasure of Myanmar ကို ယနေ့နံနက် ၁၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ရှိ နန်နင်းကုန်သွယ်ရေးကိုယ်စားလှယ်ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက မြန်မာ့ကျောက်စိမ်းသည် တရုတ်နိုင်ငံတွင် လူသိများထင်ရှား၍ ဈေးကွက်ရရှိပြီးဖြစ်သည့် ထုတ်ကုန်တစ်ခုဖြစ်ကြောင်း၊ မြန်မာ့အရည်အသွေးမြင့်ကျောက်မျက်ရတနာများဖြစ်သည့် ပတ္တမြားနှင့် နီလာတို့ကိုလည်း တရုတ်နိုင်ငံဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရန် ရည်ရွယ်၍ ယနေ့အခမ်းအနားကိုကျင်းပရခြင်းဖြစ်ကြောင်း၊ ကမ္ဘာတွင် ထင်ရှားကျော်ကြားသည့် မြန်မာ့ပတ္တမြားသည် မြန်မာနိုင်ငံ မိုးကုတ်ဒေသမှ အဓိကထွက်ရှိပြီး မိုးကုတ် ပတ္တမြားကို ရှေးမြန်မာဘုရင်များလက်ထက်ကတည်းက တော်ဝင်နန်းသုံးရတနာအဖြစ် တန်ဖိုးထားအသုံးပြုခဲ့ကြကြောင်း၊ သီရိလင်္ကာ၊ သြစတြေးလျ၊ ကက်ရှ်မီးယား၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် အမေရိကန်နိုင်ငံတို့တွင် နီလာကိုထွက်ရှိပြီး မြန်မာ့နီလာသည် ကမ္ဘာပေါ်တွင် ဒုတိယမြောက်အရည်အသွေးအကောင်းဆုံးဖြစ်ကြောင်း၊ ယနေ့အခမ်းအနားကို တရုတ်နိုင်ငံ ကွမ်ရှီး၊ ကွမ်တုံ၊ ဟူနန်၊ ယူနန်၊ ဟိုင်နန်၊ ဟောင်ကောင်၊ မကာအိုနှင့်အခြားဈေးကွက်အလားအလာရှိသောဒေသများမှကုန်သည်လုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည့်အတွက် မြန်မာ့ပတ္တမြားနှင့်နီလာကုန်သည်လုပ်ငန်းရှင်များနှင့် ဈေးကွက်ချိတ်ဆက်နိုင်မည်ဟုမျှော်လင့်ကြောင်း ပြောကြားသည်။



ထို့နောက်ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)မှ ဥက္ကဋ္ဌ ဦးအောင်ကျော်ဇင်က မြန်မာ့ပတ္တမြားနှင့် နီလာကို တရုတ်နိုင်ငံ ဈေးကွက်ရရှိရေးဆိုင်ရာအချက်အလက်များအား ရှင်းလင်းတင်ပြဆွေးနွေးပြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)နှင့်မြန်မာကုန်သွယ်ရေးစင်တာ(ဟိုင်နန်)တို့အကြား တရုတ်နိုင်ငံတွင် မြန်မာ့ကျောက်မျက်ရတနာဈေးကွက်မြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်စာလွှာကိုလဲလှယ်ကြသည်။

ယင်းနောက် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)မှ တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီးနှင့်ကိုယ်စားလှယ်အဖွဲ့အား ခင်းကျင်းပြသထားသည့် ကျောက်မျက်ရတနာများကိုလိုက်လံရှင်းလင်းပြသပြီး တက်ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင်များသည် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံလက်ဖက်အသင်းမှ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပြီး မြန်မာ့လက်ဖက်နှင့်လက်ဖက်ခြောက်များကိုခင်းကျင်းပြသသည့် အစီအစဉ်ကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ရိုးရာကိုယ်ခံပညာနှင့် မြန်မာ့ရိုးရာသိုင်းသင်တန်းဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၁၆

နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော လုံခြုံရေးဝန်ထမ်းများ၏စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ရိုးရာကိုယ်ခံပညာနှင့် မြန်မာ့ရိုးရာသိုင်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဟိုတယ်ဇုန်(၁)ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။



ဖွင့်ပွဲအခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များ၊ ဟိုတယ်များမှတာဝန်ရှိသူများ၊ မြန်မာ့ရိုးရာသိုင်းနည်းပြများနှင့် ဟိုတယ်များမှ လုံခြုံရေးဝန်ထမ်း သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုဖွင့်လှစ်သည့် ရိုးရာကိုယ်ခံပညာနှင့် မြန်မာ့သိုင်းသင်တန်းတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များတွင် လုံခြုံရေးအဓိကတာဝန်ယူထမ်းဆောင်နေကြသည့် ဝန်ထမ်းများအတွက် ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ပြီး ရန်ကုန်နှင့်မန္တလေးမြို့တို့တွင် ဆက်လက်ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း၊ ရိုးရာကိုယ်ခံပညာနှင့်မြန်မာ့သိုင်းပညာရပ်သည် ကျန်းမာရေးအရလည်း ကိုယ်ခန္ဓာကျန်းမာသန်စွမ်းမှုရရှိစေနိုင်သည့်အပြင် မိမိကိုယ်ကိုလုံခြုံမှု၊ လျင်မြန်ဖျတ်လတ်မှု၊ ဖြတ်ထိုးဉာဏ်ကောင်းမွန်မှု၊ ဆုံးဖြတ်ချက်မှန်ကန်စွာချမှတ်နိုင်မှု၊ အပြန်အလှန်လေးစားမှု စသည့်အကျိုးကျေးဇူးများကိုရရှိစေနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် ကိုယ်ခံပညာကို စနစ်တကျတတ်မြောက်ထားခြင်းဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို ယုံကြည်မှုရှိရှိနှင့် ပြည့်ပြည့်ဝဝတာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာသိုင်းပညာရပ်ဆက်လက်ပြန့်ပွားနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားပြီး ရိုးရာကိုယ်ခံပညာနှင့် မြန်မာ့သိုင်းသင်တန်းနည်းပြများအား ချီးမြှင့်ထောက်ပံ့ငွေနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ နေပြည်တော်ပြည်ထောင်စုနယ်မြေ ဟိုတယ်ဇုန်အတွင်းရှိ ဟိုတယ်များမှ လုံခြုံရေးဝန်ထမ်းများ တက်ရောက်ကြပြီး ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# ၂၀၂၅ ခုနှစ် တရုတ်(ကွမ်ရှီး) – အာဆီယံ အသက်မွေးဝမ်းကျောင်းပညာပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးဒေသ နန်နင်းမြို့၌ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၅ ရက်မှ ၁၆ ရက်အထိ ကျင်းပသော ၂၀၂၅ ခုနှစ် တရုတ်(ကွမ်ရှီး)–အာဆီယံ အသက်မွေးဝမ်းကျောင်းပညာပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။

စက်တင်ဘာလ ၁၅ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် Guangxi Polytechnic of Construction ၌ ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရ ဒုတိယအုပ်ချုပ်ရေးမှူး Ms. Lu Xinning နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့နောက်ညီလာခံဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ Ms. Lu Xinning က ညီလာခံဖွင့်လှစ်ကြောင်းကြေညာပြီး တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အဖွင့်အမှာစကား ပြောကြားကြကာ ဉာဏ်ရည်တုနည်းပညာဖြင့် သက်မွေးပညာတိုးတက်ရေးဆောင်ရွက်နေမှုအခြေအနေကို ဆွေးနွေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီးက ဉာဏ်ရည်တု(AI) နည်းပညာ၏ စွမ်းပကားကြီးမားလာမှုအခြေအနေ၊ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကို အခြေခံသော စက်မှုလုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစက်မှုလုပ်ငန်းများ၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခုနှင့် သွင်းကုန်အစားထိုးထုတ်ကုန်များထုတ်လုပ်ရေး အားပေးဆောင်ရွက်လျက်ရှိမှု၊ အဆိုပါလုပ်ငန်းများတွင် ဉာဏ်ရည်တုနည်းပညာဖြင့် ပေါင်းစပ်ပံ့ပိုးမည်ဆိုပါက တိုးတက်ဖွံ့ဖြိုးလာမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ညီလာခံဖွင့်ပွဲအခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့မှ ဒုတိယဝန်ကြီးများနှင့် ကိုယ်စားလှယ် ၄၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကွမ်ရှီးစီးပွားရေးနှင့်ကုန်သွယ်မှုသက်မွေးပညာတက္ကသိုလ်ရှိ အာဆီယံ ဉာဏ်ရည်တု(AI) နည်းပညာလက်တွေ့ခန်း၊ အဝတ်အထည်ချုပ်နည်းပညာပြခန်းနှင့် ဒစ်ဂျစ်တယ်ဖက်ရှင်ဒီဇိုင်းရေးဆွဲနည်းသင်တန်းခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး ဉာဏ်ရည်တု(AI) နည်းပညာ၊ ဒစ်ဂျစ်တယ်နည်းပညာကို ပညာရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေကို မေးမြန်းဆွေးနွေးကာ ကွမ်ရှီးဒေသပညာရေးဦးစီးဌာနက တည်ခင်းသောညစာစားပွဲသို့ တက်ရောက်ကြသည်။




ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နန်နင်းမြို့ ကွမ်ရှီးစီးပွားရေးနှင့်ကုန်သွယ်မှုသက်မွေးပညာတက္ကသိုလ်၌ ကျင်းပသည့် ဆွေးနွေးပွဲသို့တက်ရောက်ပြီး AI နည်းပညာဖြင့် ဒစ်ဂျစ်တယ်စီးပွားရေးတိုးတက်စေနိုင်မှုခေါင်းစဉ်ဖြင့် ဆွေးနွေးကာ Guangxi Skills Master Hub ၌ ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

မြဝတီ

# ပညာစွမ်းအား ပြည်ထွန်းကား

**ကျော်ကျော်သန်း(မဟာဝိဇ္ဇာ)**

> ❖ **ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ်သို့ ရောက်ရှိရန် နိုင်ငံတိုင်းတူညီစွာကြိုးပမ်း ဆောင်ရွက်နေသော အချက်တစ်ချက်ရှိသည်။ ယင်းအချက်မှာ မိမိတို့နိုင်ငံ၏ပညာရေးကို အစဉ်ကြိုးပမ်းမြှင့်တင်နေခြင်းပင်ဖြစ်သည်။ ပညာဟူသောစွမ်းအားကသာ နိုင်ငံအားခေတ်မီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်သည် ဆိုသည့်အချက်ကို ကမ္ဘာ့နိုင်ငံများက ယုံကြည် လက်ခံထားပြီးဖြစ်သည်။**

**ပညာနှင့်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု**

ကမ္ဘာပေါ်တွင်နိုင်ငံပေါင်းများစွာရှိသည်။ အချို့သောနိုင်ငံများသည် ခေတ်မီဖွံ့ဖြိုးတိုးတက်နေကြပြီး အချို့သောနိုင်ငံများသည် ခေတ်နောက်ကျကျန်ရစ်ကာ ဆုတ်ယုတ်နိမ့်ကျနေသည်။ ဤသို့နိုင်ငံ၏အခြေအနေ ချင်းခြားနားနေရသည်မှာ လူမျိုး၏ပညာအဆင့်ချင်းမတူညီကြသော ကြောင့်ဖြစ်သည်။ ပညာအဆင့်မြင့်မားသောလူမျိုး၏နိုင်ငံက ခေတ်မီ ဖွံ့ဖြိုးတိုးတက်နေပြီး ပညာအဆင့်နိမ့်ကျသောလူမျိုး၏နိုင်ငံက ခေတ်နောက်ကျကျန်ရစ်ကာ ဆုတ်ယုတ်နိမ့်ကျမှုအမျိုးမျိုးဖြစ်ပေါ် နေသည်။ လူမျိုးတစ်မျိုးသည် မိမိတို့၏ပညာအဆင့်နှင့်ထိုက်တန်သော နိုင်ငံမျိုးကိုသာ ပိုင်ဆိုင်ရစမြဲဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏အခြေအနေ ခေတ်မီဖွံ့ဖြိုးတိုးတက်နေမည်လော သို့မဟုတ် ခေတ်နောက်ကျ ကျန်ရစ်ပြီး ဆုတ်ယုတ်နိမ့်ကျနေမည်လောဆိုသည်ကို အဓိကပြဋ္ဌာန်း ဆုံးဖြတ်သောအရာမှာ လူမျိုး၏ပညာရည်အဆင့်ပင်ဖြစ်သည်။ ပညာမြင့်လျှင် နိုင်ငံမြင့်ပြီး ပညာနိမ့်လျှင် နိုင်ငံနိမ့်ကျနေမည်။

**ပညာမြင့်ခြင်းနှင့် ပညာနိမ့်ကျခြင်းသဘော**

ပညာအဆင့်မြင့်ခြင်းဆိုသည်မှာ မှန်ကန်သောအသိများကို ကြွယ်ဝစွာပိုင်ဆိုင်နေခြင်းဖြစ်သည်။ မှန်ကန်သောအသိများကိုပိုင်ဆိုင်ထားခြင်းကြောင့် မှန်ကန်သောအမြင်ဖြစ်ပေါ်လာသည်။ မှန်ကန်သောအမြင်ကြောင့် မှန်ကန်သောစဉ်းစားဆင်ခြင်မှုဖြစ်ပေါ်လာသည်။ မှန်ကန်သောစဉ်းစားဆင်ခြင်မှုကြောင့် မှန်ကန်သောကြိုးပမ်းဆောင်ရွက်မှု၊ တစ်နည်းအားဖြင့် မှန်ကန်သောဝီရိယကို စိုက်ထုတ်လာသည်။ နိုင်ငံသားများက မှန်ကန်သောကြိုးပမ်းအားထုတ်မှုများကို ပြုလုပ်နေကြမှုကြောင့် နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်။ သို့သော် နိုင်ငံ၏ပညာအဆင့်နိမ့်ကျသည့်အခါ နိုင်ငံသားများ၏ပညာအဆင့်သည်လည်း နိမ့်ကျလာသည်။ ပညာအဆင့်နိမ့်ကျခြင်းဆိုသည်မှာ မှားယွင်းသောအသိများကို ပိုင်ဆိုင်ထားခြင်းကြောင့်ဖြစ်သည်။ မှားယွင်းသောအသိများကို ပိုင်ဆိုင်ထားခြင်းကြောင့် မှားယွင်းသောအမြင်များဖြစ်ပေါ်လာသည်။ မှားယွင်းသော အမြင်များကြောင့် မှားယွင်းသောစဉ်းစားဆင်ခြင်မှုဖြစ်ပေါ်လာသည်။ မှားယွင်းသောစဉ်းစားဆင်ခြင်မှုကြောင့် မှားယွင်းသောကြိုးပမ်းအားထုတ်မှု၊ တစ်နည်းအားဖြင့် မှားယွင်းသောဝီရိယစိုက်ထုတ်မှုဖြစ်လာသည်။ နိုင်ငံသားများက မှားယွင်းသောကြိုးပမ်းအားထုတ်မှုများကို ဆောင်ရွက်နေကြမှုကြောင့် နိုင်ငံခေတ်နောက်ကျကျန်ရစ်ခဲ့ပြီး ဆုတ်ယုတ်နိမ့်ကျမှုအမျိုးမျိုးဖြစ်ပေါ်ခံစားရသည်။

**ကမ္ဘာ့နိုင်ငံများ၏ကြိုးပမ်းအားထုတ်နေမှု**

ယခုအချိန်တွင် ကမ္ဘာ့နိုင်ငံအသီးသီးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ်သို့ရောက်ရှိရန် ကြိုးပမ်းနေကြသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ်သို့ရောက်ရှိနေမှသာ နိုင်ငံ၏ဂုဏ်သတင်းကျော်ကြားမည်၊ နိုင်ငံ၏ဂုဏ်သိက္ခာမြင့်မားမည်၊ ကမ္ဘာ့နိုင်ငံများ၏လေးစားတန်ဖိုးထားဆက်ဆံခြင်းကိုခံရမည်၊ နိုင်ငံတကာဆက်ဆံရေးတွင် ထိုက်တန်သောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခွင့်ရမည်၊ ပြည်ပနိုင်ငံများက လွှမ်းမိုးချုပ်ကိုင်ရန် မကြိုးစားဝံ့သောနိုင်ငံအဖြစ် ခံ့ညားစွာရပ်တည်နိုင်မည် စသည့်အကျိုးတရားများကိုရရှိနိုင်မည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ်သို့ရောက်ရှိရန် နိုင်ငံတိုင်းတူညီစွာကြိုးပမ်းဆောင်ရွက်နေသော အချက်တစ်ချက်ရှိသည်။ ယင်းအချက်မှာ မိမိတို့နိုင်ငံ၏ပညာရေးကို အစဉ်ကြိုးပမ်းမြှင့်တင်နေခြင်းပင်ဖြစ်သည်။ ပညာဟူသောစွမ်းအားကသာ နိုင်ငံအားခေတ်မီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးနိုင်သည်ဆိုသည့်အချက်ကို ကမ္ဘာ့နိုင်ငံများက ယုံကြည်လက်ခံထားပြီးဖြစ်သည်။

**ကျွန်ုပ်တို့အမိနိုင်ငံ၏ကြိုးပမ်းဆောင်ရွက်မှု**

ယခုအချိန်တွင် ကျွန်ုပ်တို့အမိနိုင်ငံကလည်း နိုင်ငံ၏ပညာရေးကို နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းမြှင့်တင်လျက်ရှိသည်။ အဆင့်မြင့်ပညာရပ်များကိုသင်ကြားပို့ချပေးမည့် တက္ကသိုလ်၊ ကောလိပ်နှင့်သိပ္ပံကျောင်းများကို တည်ထောင်ဖွင့်လှစ်ပေးလျက်ရှိသည်။ မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးအတွက် စီမံချက်၊ စီမံကိန်းအမျိုးမျိုးဖြင့် မြှင့်တင်ပေးလျက်ရှိသည်။ ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးထမြောက်အောင်မြင်မှုအမျိုးမျိုးကို အခမ်းအနားအမျိုးမျိုးကျင်းပပြီး ဂုဏ်ပြုချီးကျူးလျက်ရှိသည်။ ထူးချွန်ကျောင်းသား၊ ကျောင်းသူများအတွက် ပြည်တွင်းပြည်ပခရီးစဉ်များ ပြုလုပ်ပေးလျက်ရှိသည်။ နိုင်ငံတော်အဆင့်အခမ်းအနားကြီးများတွင် မျိုးဆက်သစ်လူငယ်ကျောင်းသား၊ ကျောင်းသူများကိုဖိတ်ကြားပြီး တက်ရောက်ခွင့်ပေးသည်။ လူငယ်စကားဝိုင်း၊ လူငယ်တွေ့ဆုံပွဲ၊ လူငယ်စာတမ်းဖတ်ပွဲများကျင်းပပေးလျက်ရှိသည်။ လူငယ်များအတွင်း စာဖတ်သည့်အလေ့အထစွဲမြဲဖြစ်ပေါ်နေစေရန် အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ကြိုးပမ်းဆောင်ရွက်ပေးနေသည်။ နိုင်ငံ၏ပညာရေးမြင့်မားရန်ဟူသောရည်ရွယ်ချက်ဖြင့် ဤသို့ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

**ကျွန်ုပ်တို့နိုင်ငံသားများကလည်းကြိုးပမ်းရမည်**

နိုင်ငံ၏ပညာရေးမြင့်မားရန် နိုင်ငံတော်နှင့်နိုင်ငံ့အကြီးအကဲများက စွမ်းအားကုန်ကြိုးပမ်းနေချိန်တွင် ကျွန်ုပ်တို့နိုင်ငံသားများကလည်း မိမိတို့၏အတိုင်းအတာအလိုက် တာဝန်သိစိတ်ဖြင့် နိုင်ငံ၏ပညာရေးမြင့်မားရန် ကြိုးပမ်းဆောင်ရွက်ပေးရန်လိုအပ်သည်။ နိုင်ငံ၏ပညာရေးမြင့်မားရန်တာဝန်မှာ နိုင်ငံ့အကြီးအကဲများတွင်သာ တာဝန်ရှိသည် မဟုတ်ပါ။ နိုင်ငံသားများတွင်လည်း တာဝန်ရှိသည်။ ကျွန်ုပ်တို့နိုင်ငံသားများက ပညာရေးမြှင့်တင်မှုစီမံကိန်း၊ စီမံချက်အသီးသီးတွင် တက်ကြွစွာ မိမိတို့စွမ်းနိုင်သလောက် ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ပညာရေးကို မြင့်မားအောင်မြှင့်တင်ပေးနိုင်သည်။ နိုင်ငံတော်နှင့်နိုင်ငံသားဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်နေမှသာ နိုင်ငံ၏ပညာရေးအဆင့်မြင့်မားလာမည်။

**ကျွန်ုပ်တို့နိုင်ငံသားများဆောင်ရွက်ရမည့်အချက်များ**

နိုင်ငံ၏ပညာရေးမြင့်မားရန်အတွက် နိုင်ငံသားများအနေဖြင့် ဆောင်ရွက်ရမည့်အချက်များစွာရှိသည်။ ယင်းတို့အနက်မှ အဓိကအချက်အချို့ကို တင်ပြလိုသည်။ ယင်းအချက်များမှာ မိဘများအနေဖြင့် သားသမီးများ၏ ပညာရေးထွန်းပေါက်အောင်မြင်မှုကိုဖြစ်စေမည့် မိဘနှင့်သားသမီးဆက်ဆံရေးအခြေအနေတစ်ရပ်ကို ထူထောင်ထားခြင်း၊ သားသမီးများကို မှန်ကန်သောနည်းလမ်းများဖြင့် စေ့ဆော်မှုပြုခြင်း၊ သင်ကြားပို့ချပေးသူဆရာများအနေဖြင့်လည်း တပည့်များ၏ပညာရေးထွန်းပေါက်အောင်မြင်စေမည့် ဆရာနှင့်တပည့်ဆက်ဆံရေးကို ထူထောင်ထားခြင်း၊ တပည့်များစိတ်ဓာတ်အစဉ်မြင့်မားနေစေရန် မှန်ကန်သောနည်းလမ်းများဖြင့် စေ့ဆော်မှုကိုပြုခြင်း၊ စာသင်ကျောင်းအလိုက် မိဘဆရာအသင်းများဖွဲ့စည်းပြီး စုပေါင်းဆွေးနွေးညှိနှိုင်းတိုင်ပင်သည့်စနစ်ကို ထိရောက်စွာကျင့်သုံးခြင်း၊ နိုင်ငံတွင်တည်ထောင်ဖွဲ့စည်းထားသည့် လူမှုအဖွဲ့အစည်းအသီးသီးက နှစ်စဉ်ပေါ်ထွက်လာသည့် ပညာရေးထူးချွန်ထက်မြက်သူများကို အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ချီးမြှင့်ဂုဏ်ပြုခြင်း၊ မျိုးဆက်သစ်လူငယ်များ၏ပညာရေးနှင့်စိတ်ဓာတ်ကို ပျက်စီးဆုတ်ယုတ်စေမည့်အခြေအနေလုပ်ရပ် စသည်တို့ကို တွေ့ရှိ၊ သိရှိပါကတာဝန်သိစိတ်မြင့်မားစွာဖြင့် သက်ဆိုင်ရာသို့ အမြန်သတင်းပို့အကြောင်းကြားခြင်း၊ နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်နေသည့် ပညာရေးမြင့်မားမှုစီမံကိန်း၊ စီမံချက်များအောင်မြင်ရေးအတွက် မိမိတို့၏အတိုင်းအတာအလိုက် ငွေအား၊ လူအား၊ အကြံဉာဏ်အားများဖြင့် ပံ့ပိုးကူညီခြင်း စသည့်အချက်များဖြစ်ကြသည်။ ဤအချက်များကို ကျွန်ုပ်တို့နိုင်ငံသားများက တာဝန်သိစိတ်မြင့်မားစွာဖြင့် ဆောင်ရွက်နေကြပါက အမိနိုင်ငံ၏ပညာရေးသည် အဆင့်မြင့်မား၍နေမည်။

**ပညာအဆင့်မြင့်မားခြင်း၏အကျိုးတရားများ**

ပညာကို အလင်းရောင်ဟု တင်စားခေါ်ဝေါ်ကြသည်။ နိုင်ငံတွင်ရှိသည့်အားများအနက် ပညာဟူသောအားသည် စွမ်းအားအကြီးမားဆုံးသောအားဖြစ်သည်။ ပညာကြောင့်ရရှိသည့် အကျိုးတရားများကား များပြားလှသည်။ ပညာအဆင့်မြင့်မားလေလေရရှိသည့်အကျိုးတရားများကား ကြီးမားလေလေဖြစ်သည်။ ပညာအဆင့်မြင့်မားမှုကြောင့် ရရှိသည့်အကျိုးတရားများအနက် အဓိကအချက်အချို့ကို တင်ပြလိုသည်။ ယင်းအချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**ပညာအဆင့်မြင့်မားခြင်းနှင့် တီထွင်ဖန်တီးနိုင်မှု**

နိုင်ငံ၏ပညာအဆင့်မြင့်မားမှုသည် နိုင်ငံသားများ၏တီထွင်ဖန်တီးနိုင်မှုစွမ်းရည်ကိုမြင့်မားစေသည်။ နိုင်ငံ၏အဆင့်မြင့်ပညာရပ်များကို သင်ယူနေမှုကြောင့် ဤသို့တီထွင်ဖန်တီးနိုင်မှုစွမ်းရည်မြင့်မားလာခြင်းဖြစ်သည်။ အဆင့်မြင့်ပညာရပ်များကိုသင်ယူမှုကြောင့် အဆင့်မြင့်အတွေးအခေါ်အယူအဆများဖြစ်ပေါ်လာသည်။ အဆင့်မြင့်အတွေးအခေါ်အယူအဆများကြောင့် နိုင်ငံသားများ၏ဖန်တီးတီထွင်နိုင်မှုစွမ်းရည်သည် မူလအဆင့်ထက်ပိုမိုမြင့်မားလာသည်။ တီထွင်ဖန်တီးနိုင်မှုစွမ်းရည်မြင့်မားလာမှုကြောင့် နိုင်ငံအတွက်လိုအပ်သော တီထွင်ဖန်တီးမှုအမျိုးမျိုးကိုပြုလုပ်သည်။ ဤသို့တီထွင်ဖန်တီးနိုင်မှုစွမ်းရည်မြင့်မားစွာဖြင့် နိုင်ငံ၏လိုအပ်ချက်အမျိုးမျိုးကို ဖြည့်ဆည်းပေးခြင်းကြောင့် နိုင်ငံ၏စွမ်းအားအမျိုးမျိုးမြင့်မားလာပြီး နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်။

**ပညာအဆင့်မြင့်မားလာခြင်းနှင့်ဝေဖန်ပိုင်းခြားနိုင်မှု**

နိုင်ငံ၏ပညာအဆင့်မြင့်မားမှုသည် နိုင်ငံသားများ၏ အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်စွမ်းကို မြင့်မားစေသည်။ အဆင့်မြင့်ပညာရပ်များကို သင်ယူနေမှုကြောင့် ပိုမိုအဆင့်မြင့်သောအသိများကို ပိုင်ဆိုင်သည်ထက်ပိုင်ဆိုင်လာသည်။ ပိုမိုအဆင့်မြင့်သောအသိများကို ပိုင်ဆိုင်လာမှုကြောင့် အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်စွမ်းမြင့်မားလာသည်။ အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်စွမ်းမြင့်မားလာမှုကြောင့် အမှားဟူသမျှကို ရှောင်၍ အမှန်ဟူသမျှကိုဆောင်သည်။ ဤသို့ အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်စွမ်းမြင့်မားစွာဖြင့် နိုင်ငံသားများက ပြုမူနေထိုင်မှုကြောင့် နိုင်ငံဘက်စုံအောင်မြင်မှုများရရှိလာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်။

**ပညာအဆင့်မြင့်မားခြင်းနှင့် ထိုးထွင်းသိမြင်နိုင်မှု**

နိုင်ငံ၏ပညာအဆင့်မြင့်မားမှုသည် နိုင်ငံသားများ၏ ထိုးထွင်းသိမြင်နိုင်စွမ်းကို မြင့်မားစေသည်။ အဆင့်မြင့်ပညာရပ်များကိုသင်ယူနေမှုကြောင့် စဉ်းစားဆင်ခြင်ဉာဏ်ရင့်သန်လာသည်။ အခြေအနေအကြောင်းအရာအမျိုးမျိုး၏ မြင်ရသောအပိုင်းကိုသာမကဘဲ မမြင်ရသောလျှို့ဝှက်အပိုင်းကိုပါ သိမြင်လာသည်။ ပစ္စုပ္ပန်အခြေအနေတစ်မျိုးတည်းကိုသာမစဉ်းစားဘဲ အနာဂတ်အခြေအနေများမည်သို့ဖြစ်လာနိုင်မည်ကို အမြဲထည့်သွင်းစဉ်းစားဆင်ခြင်သည်။ ထို့ကြောင့် ထိုးထွင်းဆင်ခြင်သိမြင်နိုင်စွမ်းမြင့်မားလာသည်။ ထိုးထွင်းဆင်ခြင်သိမြင်နိုင်စွမ်းမြင့်မားလာမှုကြောင့် နိုင်ငံအတွက် ဆုံးဖြတ်ချက်များကို မှန်ကန်စွာရွေးချယ်ချမှတ်နိုင်သည်။ ဤသို့ဆုံးဖြတ်ချက်များကို မှန်ကန်စွာရွေးချယ်ချမှတ်နိုင်မှုကြောင့် နိုင်ငံအနေဖြင့် ဆုတ်ယုတ်နိမ့်ကျမှုအပေါင်းမှကင်းဝေးပြီး အောင်မြင်မှုအမျိုးမျိုးရရှိကာ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်။

**ပညာအဆင့်မြင့်မားခြင်းနှင့် အသိသတိကြီးမားမှု**

နိုင်ငံ၏ပညာအဆင့်မြင့်မားမှုသည် နိုင်ငံသားများ၏ အသိသတိကို ကြီးမားစေသည်။ အဆင့်မြင့်ပညာရပ်များကို သင်ယူနေမှုကြောင့် မှန်ကန်သောအသိများကိုပိုင်ဆိုင်လာသည်။ အသိတရားကြီးမားလာခြင်းသဘောဖြစ်သည်။ ယင်းအသိတရားများကိုအခြေခံပြီး စဉ်းစားဆင်ခြင်မှုကြောင့် သတိတရားကြီးမားလာသည်။ အသိတရားနှင့်သတိတရားကြီးမားလာခြင်းသဘောဖြစ်သည်။ အသိတရားနှင့်သတိတရားကြီးမားလာမှုကြောင့် လောကပတ်ဝန်းကျင်ကြီး၏ ရှုပ်ထွေးနေမှုမှန်သမျှကိုလည်း အောင်မြင်စွာဖြေရှင်းကျော်လွှားနိုင်သည်။ ထို့အတူ လောကနှင့်ပတ်ဝန်းကျင်ကြီး၏ လိမ်ညာလှည့်စားမှု၊ ပရိယာယ်ဆင်မှုအမျိုးမျိုးတို့ကို အချိန်မီသိမြင်ရှောင်ရှားနိုင်သည်၊ ကာကွယ်တားဆီးနိုင်သည်၊ လောကနှင့်ပတ်ဝန်းကျင်ကြီးက မည်သို့ပင်စည်းရုံးသိမ်းသွင်းနေစေကာမူ လမ်းမှားကိုမရွေးဘဲ လမ်းမှန်ကိုသာ ရွေးချယ်လျှောက်လှမ်းသည်။ ဤသို့နိုင်ငံသားများက အသိတရားနှင့်သတိတရားကြီးမားနေမှုကြောင့် နိုင်ငံအနေဖြင့် ဆုံးရှုံးမှုအပေါင်းမှကင်းဝေးပြီး အောင်မြင်မှုအမျိုးမျိုး ရရှိကာ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်။ **စာမျက်နှာ ၁၄ သို့** ❑

❑ စာမျက်နှာ ၁၃ မှအဆက်

**ပညာစွမ်းအား ပြည့်ထွန်းကား**

ကမ္ဘာ့နိုင်ငံအသီးသီးက မိမိတို့နိုင်ငံ၏ပညာရေးကိုမြှင့်တင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ်ရောက်ရှိရန် ကြိုးပမ်းနေချိန်တွင် ကျွန်ုပ်တို့အမိနိုင်ငံကလည်း ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ်သို့ရောက်ရှိရန် ကြိုးပမ်းဆောင်ရွက်နေရမည်။ ဤသို့ကြိုးပမ်းဆောင်ရွက်ရာတွင် ကျွန်ုပ်တို့အဓိကထားဆောင်ရွက်ရမည့်အချက်မှာ နိုင်ငံ၏ပညာရေးကို အဆင့်မြင့်သည်ထက်မြင့်မားအောင် မြှင့်တင်ပေးနေရန်ဖြစ်သည်။ ဖြူစင်ရိုးသားသောစေတနာဖြင့် နိုင်ငံ၏ပညာရေးအဆင့်မြင့်မားရေးအတွက် တက်ကြွစွာပါဝင်ဆောင်ရွက်နေကြရမည်။ နိုင်ငံ၏ပညာအဆင့်မြင့်မားလာသည်နှင့်အမျှ ကျွန်ုပ်တို့နိုင်ငံသားများ တီထွင်ဖန်တီးနိုင်မှုစွမ်းရည်မြင့်မားလာမည်။ ဝေဖန်ပိုင်းခြားနိုင်မှုစွမ်းရည်မြင့်မားလာမည်။ ထိုးထွင်းသိမြင်နိုင်စွမ်းမြင့်မားလာမည်။ အသိတရားနှင့်သတိတရားများကြီးမားလာမည်။ ဤကဲ့သို့ အသိပညာပိုင်းဆိုင်ရာစွမ်းရည်များမြင့်မားနေမှုကြောင့် ကျွန်ုပ်တို့အမိနိုင်ငံတော်ကြီးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာရုံမျှမက နိုင်ငံတကာဆက်ဆံရေးတွင် အောင်မြင်မှုအမျိုးမျိုးကိုရရှိမည်။ ကမ္ဘာ့အလယ်ဂုဏ်ရည်ကြွယ်သောနိုင်ငံအဖြစ်ရပ်တည်နိုင်မည်။ ကမ္ဘာ့အလယ်ခံ့ညားစွာရပ်တည်နိုင်မည်။ ပညာစွမ်းအားမြင့်မားမှသာ ကျွန်ုပ်တို့၏အမိနိုင်ငံ အောင်မြင်ထွန်းကားနိုင်မည်ဖြစ်ပါကြောင်း နိဂုံးချုပ်အနေဖြင့်တင်ပြအပ်ပါသည်။ ။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့
ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

### မြဝတီရုပ်မြင်သံကြားအစီအစဉ် ၁၇-၉-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မှတ်သားလိုက်နာပုံပမာ
၃။ ၀၉:၀၀ ကျန်းမာသုတ
၄။ ၁၁:၀၀ မြန်မာ့လက်သံ
၅။ ၁၄:၀၀ Sharing & Movies
၆။ ၁၅:၀၀ မြန်မာသံစဉ်ချိုနားဝင်
၇။ ၁၆:၀၀ နိုင်ငံတကာသတင်း
၈။ ၁၇:၀၀ မွေးမြူသုတ
၉။ ၁၉:၀၀ **(၃၈)ဖြာမင်္ဂလာ အပွမာဒေါစ ဓမ္မေသု**
၁၀။ **ည ၈ နာရီ** အမျိုးသားရေးတေးကဗျာ
၁၁။ **သတင်းအပြီး** တရားတော်

### MWD Variety Channel ၁၇-၉-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၁၅ ရှာဖွေလေ့လာပြတိုက်မှာ
၂။ ၁၀:၃၀ မှတ်သားလေ့လာအိမ်တွင်းမှုပညာ
၃။ ၁၁:၃၅ ရောင်စုံပျံ့သင်းစာပန်းခင်း
၄။ ၁၄:၁၅ တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်
၅။ ၁၅:၅၀ ဗုဒ္ဓဓမ္မအသိများ တိုးပွားရကြစေ
၆။ ၁၇:၅၀ Knowledge Note

## တက်ကြွရွှင်လန်း ပြည်သူ့စစ်မှုထမ်း

❖ နိုင်ငံတော်ကာကွယ်ရေး
စိတ်မှာတွေး တို့ဝန်တာ။
ပြည်သူတွေ လုံခြုံမှု
တွေးရှုလျက်သာ။
အေးချမ်းလို့ လွန်သာယာ
ပြည်မြန်မာ အစဉ်အမြဲ။
မြင့်မြတ်စွာ နှလုံးသွင်းလို့
ဘေးကင်းဖို့ပဲ။

❖ လူငယ်တွေ စစ်မှုထမ်း
ဂုဏ်ရည်လျှမ်း ပြည့်ကျိုးထင်။
ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး
ကောင်းကျိုးတွက်ပင်။
ထူးမြတ်တဲ့ အသွင်အပြင်
အကောင်းမြင် မြတ်စိတ်ထား။
ဂုဏ်သိက္ခာ လွန်စွာမြင့်တဲ့
ရဲရင့်သူများ။

❖ ကိုယ့်တိုင်းပြည် ကိုယ်ချစ်ကြ
ခေတ်ကာလ အပြိုင်အဆိုင်။
အဖျက်ရန် မှန်သမျှ
ရှင်းကြတူပြိုင်။
စိတ်ဓာတ်က မြဲခိုင်
စွမ်းနိုင်တဲ့လူငယ်များ။
ပြည့်ဝန်ကို ကျေပွန်ထမ်းတယ်
စွမ်းရည်မြင့်မား။

❖ သားကောင်းတွေ စစ်မှုထမ်း
သပြေပန်းနှင့် ကြိုလင့်နေ။
ပြည်သူတွေ ပျော်ရွှင်ပြုံး
နှလုံးသားတွေ။
စစ်ချီတေး မြူးကြွနေ
အောင်ပါစေ ဆုတောင်းပေး။
မြင့်မြတ်တဲ့ ဂုဏ်သိက္ခာနဲ့
ပြည့်တာဝန် ကျေပွန်မှုကို
ဂုဏ်ပြုတယ်လေး။ ။

**(ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇) ဖွင့်ပွဲ ဂုဏ်ပြုကဗျာ)**

**အာကာမောင်မောင်**


နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး ပျိုးပင်ကိုစိုက်ပျိုးပေးစဉ်။


နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ပျိုးပင်ကိုစိုက်ပျိုးပေးစဉ်။

**❖ ယခုကဲ့သို့ အချိန်၊ လူအင်အားနှင့် ငွေကုန်ကြေးကျခံပြီး စိုက်ပျိုးထားသည့်အပင်များကို တစ်ပင်စိုက်တစ်ပင်ရှင်ဖြင့် အားလုံးရှင်သန်အောင် ဝိုင်းဝန်းထိန်းသိမ်းပြုစု၊ နိုင်ငံအဝန်း သစ်ပင်သစ်တောများ စနစ်တကျ စိုက်ပျိုးထိန်းသိမ်းစီမံအုပ်ချုပ်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက် . . .**

★ **စာမျက်နှာ ၁၇ မှအဆက်**
တိုးမြှင့်စိုက်ပျိုးတည်ထောင်ရေး အလေးထားဆောင်ရွက်ပေးကြရန်၊ လူတိုင်း လူတိုင်း၊ အိမ်ထောင်စုတိုင်း၊ ကျေးရွာ၊ ရပ်ကွက်တိုင်း သစ်ပင်စိုက်ပျိုးကြရေး စည်းရုံးဆောင်ရွက်ကြရန်၊ ယခုကဲ့သို့ အချိန်၊ လူအင်အားနှင့်ငွေကုန်ကြေးကျခံပြီး စိုက်ပျိုးထားသည့်အပင်များကို တစ်ပင်စိုက်တစ်ပင်ရှင်ဖြင့် အားလုံးရှင်သန်အောင် ဝိုင်းဝန်းထိန်းသိမ်းပြုစုသွားကြရန်၊ နိုင်ငံအဝန်း သစ်ပင်သစ်တောများ စနစ်တကျစိုက်ပျိုးထိန်းသိမ်းစီမံအုပ်ချုပ်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပြည်သူအားလုံး ပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ခရေပျိုးပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက်အခမ်းအနားသို့တက်ရောက်လာကြသည့် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် အရောင်အသွေးစုံလင်ပြီး ရနံ့မွှေးပျံ့သောပန်းများပွင့်သည့် အရိပ်ရသစ်မျိုးများဖြစ်သော ပိတောက်၊ ခရေ၊ ကံ့ကော်၊ အင်ကြင်း၊ တမာ၊ စကားဝါ၊ ပနားမားငုံ၊ စွယ်တော်အပါအဝင် သစ်မျိုး ၁၈ မျိုး၊ ပျိုးပင်ပေါင်း ၃၀၀၀ ပင်ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# အိန္ဒိယတပ်မတော်(ကြည်း၊ ရေ ၊ လေ)မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၆

မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်နှစ်ရပ်အကြား အပြန်အလှန်ခင်မင်ယုံကြည်မှု ချစ်ကြည်ရင်းနှီးမှုများပိုမိုတိုးတက်လာစေရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ လေ့လာရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရန်အတွက် COL SHRIKANT JETHI ဦးဆောင်ပြီး အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များပါဝင်သော အိန္ဒိယတပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်သို့ရောက်ရှိရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးနေအောင်စိုး၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး JASWINDER S GILL တို့က လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။


နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးနေအောင်စိုးနှင့်တာဝန်ရှိသူများက အိန္ဒိယတပ်မတော် (ကြည်း၊ ရေ၊ လေ)မှ ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့အား လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

ညနေပိုင်းတွင် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဆင်ဖြူတော်များအား လေ့လာကြည့်ရှုကြသည်။

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် COL SHRIKANT JETHI ဦးဆောင်သည့်အိန္ဒိယတပ်မတော်(ကြည်း၊ရေ၊လေ)မှ အရာရှိ၊ စစ်သည်စုစုပေါင်း ၁၂၀ ဦး လိုက်ပါလာပြီး နေပြည်တော်ရှိ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများသို့ စက်တင်ဘာလ ၁၉ ရက်အထိ လေ့လာလည်ပတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၆-၉-၂၀၂၅

| | | | | |
|---|---|---|---|---|
| ဖောင်းပြင် | ၂ | ဒသမ | ၁၇ | လက်မ |
| ကျောင်းကုန်း | ၂ | ဒသမ | ၀၅ | လက်မ |
| ရေး | ၂ | ဒသမ | ၀၁ | လက်မ |
| ကျိုက္ခမီ | ၁ | ဒသမ | ၈၉ | လက်မ |
| လေးမျက်နှာ | ၁ | ဒသမ | ၅၀ | လက်မ |
| ဝမ်းတွင်း | ၁ | ဒသမ | ၂၈ | လက်မ |
| မိုးကောင်း | ၁ | ဒသမ | ၂၆ | လက်မ |
| အင်္ဂပူ | ၁ | ဒသမ | ၂၂ | လက်မ |
| ပူတာအို | ၁ | ဒသမ | ၂၁ | လက်မ |
| မိုင်းကိုင် | ၁ | ဒသမ | ၁၈ | လက်မ |





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ၂၀၂၅ ခုနှစ်၊ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**❖ သစ်ပင်သစ်တောများသည် လူသားများအပါအဝင် ကမ္ဘာပေါ်တွင်ရှိသည့် သက်ရှိသတ္တဝါများအားလုံး၏ အသက်ရှင်ရပ်တည်ရေးအတွက် အောက်ဆီဂျင်ကိုထုတ်လုပ်ပေးနိုင်သည့် တစ်ခုတည်းသောဂေဟစနစ်ဖြစ်သည့်အတွက် အသက်ပံ့ပိုးမှုစနစ် (Life Supporting System) အဖြစ်သတ်မှတ်ထား . . .**

**❖ အမှန်တကယ်မှာ သစ်ပင်စိုက်ပျိုးခြင်းသည် ယခုကဲ့သို့ ပွဲတော်များ၊ အခမ်းအနားများနှင့် စိုက်ပျိုးခြင်းထက် လုပ်ရိုးလုပ်စဉ် မိရိုးဖလာသဘာဝတွင်လည်းရှိပြီးသားကိစ္စဖြစ်၊ မိမိအိမ်ဝင်းခြံထဲ၊ အိမ်ပတ်ဝန်းကျင်၊ မိမိရပ်ရွာဝန်းကျင်၊ မိမိလယ်ယာပတ်ဝန်းကျင်၊ မိမိစက်ရုံအလုပ်ရုံဝန်းကျင်၊ လက်လှမ်းတမီနေရာများတွင် တစ်ဦးချင်းကဖြစ်စေ၊ မိသားစုအလိုက်ဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ တစ်ပင်၊ နှစ်ပင်၊ သုံးပင်စသည်ဖြင့် တတ်နိုင်သလောက် ရှင်သန်အောင် နှစ်စဉ်နှစ်တိုင်းစိုက်ပျိုးထူထောင်သွားကြမည်ဆိုပါက မိမိတို့ရည်မှန်းသည့် နိုင်ငံတော်တွင် သစ်တောလွှမ်းခြုံမှု (၅၀) ရာခိုင်နှုန်းရှိစေရေး၊ သစ်တောသစ်ပင်တိုးတက်ရေးနှင့် စိမ်းလန်းစိုပြည်ရေးသည် မလွဲမသွေတိုးတက်လာမည်ဖြစ် . . .**

✯ ရှေ့ဖုံးမှအဆက်

အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ Naypyitaw State Academy၊ Naypyitaw State Polytechnic University၊ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် **“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့”** ဆိုသည့် နိုင်ငံတော်၏မူဝါဒနှင့်အညီ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေး၊ ဂေဟစနစ်ကောင်းမွန်မျှတစေရေး၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေး စသည့်ရည်ရွယ်ချက်ကောင်းများနှင့် နိုင်ငံတော်ကဦးဆောင်ပြီး ပြည်သူလူထုပူးပေါင်းပါဝင်မှုနှင့် သစ်ပင်စိုက်ပျိုးပွဲတော်များကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ သစ်ပင်စိုက်ပျိုးပွဲတွင် အရောင်အသွေးစုံလင်ပြီး ရနံ့မွှေးပျံ့သောပန်းများပွင့်သည့် အရိပ်ရသစ်မျိုး (၁၈)မျိုး၊ အပင်ပေါင်း (၃၀၀၀)ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ယနေ့စိုက်သည့် နှစ်ရှည်ပင်များသည်အထူးအစီအစဉ်ဖြင့်စိုက်ခြင်းဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး၊ အကြီးဆုံးဖြစ်သည့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးတည်ထားသည့် ပရိဝုဏ်တော်ထဲတွင် သီးခြားစိုက်ပျိုးခြင်းဖြစ်ကြောင်း၊ ၁၂ လရာသီပန်းရနံ့များဖြင့်ဝေဆာစွာရှိနေစေရန် ပူဇော်နိုင်အောင်ရည်မှန်းပြီး သီးသန့်ရွေးချယ်စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ ပိတောက်၊ ခရေ၊ ကံ့ကော်၊ အင်ကြင်း၊ တမာ၊ စံကားဝါ၊ ပနားမားငု၊ စွယ်တော်အပါအဝင် (၁၈)မျိုး စိုက်ပျိုးသွားကြမည်ဖြစ်ကြောင်း။

ယခုနှစ်တွင် ထူးခြားချက်မှာ အပူပိုင်းဒေသ (၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးပွဲများကို ဇူလိုင်လ ၁၁ ရက်နေ့က နိုင်ငံတော်အဆင့်အနေဖြင့် ပထမဆုံးအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် တစ်ပြိုင်တည်းကျင်းပစိုက်ပျိုးခဲ့ကြကြောင်း၊ မြို့နယ်(၂၉) မြို့နယ်တွင် သစ်ပင်ပေါင်း (၃၅၀၀၀) ခန့်ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း။

ဒုတိယအကြိမ်အဖြစ် ဩဂုတ်လ ၁၉ ရက်နေ့ မင်းဘူးမြို့နယ်၊ မင်းဘူး-ပဒါန်း-အမ်းကားလမ်းဘေးတစ်လျှောက်တွင် သစ်မျိုး (၇) မျိုး၊ သစ်ပင်ပေါင်း (၁၀၀၀) စိုက်ပျိုးခဲ့ကြကြောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကလည်း ယခုနှစ်မိုးရာသီတွင် နိုင်ငံနှင့်အဝန်း နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် သစ်ပင်စုစုပေါင်း ၂၁ ဒသမ ၈၇၉ သန်းကို စိုက်ပျိုးတည်ထောင်နိုင်ခဲ့သည်ကို သိရသည့်အတွက် ကျေနပ်အားရဝမ်းသာမိသည်ကို ပြောကြားလိုကြောင်း။

**သစ်ပင်သစ်တောများသည် လူသားများအပါအဝင် ကမ္ဘာပေါ်တွင်ရှိသည့် သက်ရှိသတ္တဝါများအားလုံး၏ အသက်ရှင်ရပ်တည်ရေးအတွက် အောက်ဆီဂျင်ကိုထုတ်လုပ်ပေးနိုင်သည့် တစ်ခုတည်းသောဂေဟစနစ်ဖြစ်သည့်အတွက် အသက်ပံ့ပိုးမှုစနစ် (Life Supporting System) အဖြစ် သတ်မှတ်ထား**ကြောင်း၊ ထို့ပြင် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ် ကျရောက်မှုများကိုလည်း တားဆီးကာကွယ်ပေးကြောင်း၊ ရေနှင့် မြေဆီလွှာထိန်းသိမ်းရေး၊ စားရေရိက္ခာဖူလုံရေး စသည့် ဂေဟစနစ်ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးသည့်အတွက် စနစ်တကျစိုက်ပျိုးခြင်း၊ စီမံအုပ်ချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ပြီး နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို သေချာပေါက်အထောက်အကူပြုအကျိုးရှိစေမည်ဖြစ်ကြောင်း။

နိုင်ငံနှင့်အဝန်း သစ်တောဖုံးလွှမ်းမှုတိုးတက်လာစေရေးအတွက် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း၊ အပူပိုင်းဒေသ (၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်း၊ ကမ်းရိုးတန်းဒီရေတောများ ဘက်စုံစီမံအုပ်ချုပ်ခြင်းစီမံကိန်းစသည့် စီမံကိန်းများကို ရည်မှန်းချက်များနှင့်အညီ




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပိတောက်ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ်၊ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

# ယနေ့သစ်ပင်စိုက်ပျိုးပွဲတွင် အရောင်အသွေးစုံလင်ပြီး ရနံ့မွှေးပျံ့သောပန်းများပွင့်သည့် အရိပ်ရသစ်မျိုး(၁၈)မျိုး၊ အပင်ပေါင်း(၃၀၀၀)ကိုစိုက်ပျိုး . . .

အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အလားတူ ကျေးလက်ဒေသပြည်သူများအတွက် တစ်ရွာ (၂)ကေ စိုက်ခင်းများ၊ ကျေးရွာထင်းစိုက်ခင်းများနှင့် ဘက်စုံသုံးစိုက်ခင်းများ တည်ထောင်ခြင်း၊ အာဆီယံလမ်းဘေးဝဲယာ၊ ပြည်ထောင်စုလမ်းမကြီးဘေးဝဲယာ၊ ရန်ကုန်-မန္တလေး အမြန်လမ်းဘေးဝဲယာအပါအဝင် ကားလမ်းများ၏ဘေးဝဲယာများတွင် အရိပ်ရအပင်များ၊ တစ်အုပ်တစ်မသစ်တောငယ်များ စိုက်ပျိုးတည်ထောင်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ရထားလမ်းဘေးဝဲယာတစ်လျှောက်နှင့်သစ်ပင်သစ်တောကျဲပါးသည့်တောင်ကုန်းတောင်ထိပ်များ၊ မြစ်ချောင်းများ၏ ရေဝေရေလဲဧရိယာများနှင့် သဘာဝရေထွက်ဧရိယာများတွင် သစ်ပင်များစိုက်ပျိုးထိန်းသိမ်းခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

အမှန်တကယ်မှာ သစ်ပင်စိုက်ပျိုးခြင်းသည် ယခုကဲ့သို့ ပွဲတော်များ၊ အခမ်းအနားများနှင့်စိုက်ပျိုးခြင်းထက် လုပ်ရိုးလုပ်စဉ်မိရိုးဖလာသဘာဝတွင်လည်း ရှိပြီးသားကိစ္စဖြစ်ကြောင်း၊ မိမိအိမ်ဝင်းခြံထဲ၊ အိမ်ပတ်ဝန်းကျင်၊ မိမိရပ်ရွာဝန်းကျင်၊ မိမိလယ်ယာပတ်ဝန်းကျင်၊ မိမိစက်ရုံအလုပ်ရုံဝန်းကျင်၊ လက်လှမ်းတမီနေရာများတွင် တစ်ဦးချင်းကဖြစ်စေ၊ မိသားစုအလိုက်ဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ တစ်ပင်၊ နှစ်ပင်၊ သုံးပင်စသည်ဖြင့် တတ်နိုင်သလောက် ရှင်သန်အောင် နှစ်စဉ်နှစ်တိုင်း စိုက်ပျိုးထူထောင်သွားကြမည်ဆိုပါက မိမိတို့ရည်မှန်းသည့်နိုင်ငံတော်တွင် သစ်တောလွှမ်းခြုံမှု (၅၀) ရာခိုင်နှုန်းရှိစေရေး၊ သစ်တော



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ်၊ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

**❖ ယနေ့ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲသည် မြတ်စွာဘုရားကိုထာဝရပူဇော်နိုင်ရန် ရည်ရွယ်ပြီး အရောင်၊ အဆင်း၊ အနံ့နှင့်ပြည့်စုံသည့်နှစ်ရှည်ပင်များကို စိုက်ပျိုးခြင်းဖြစ်သည့်အတွက်ကြောင့် ရှင်သန်ဖြစ်ထွန်းအောင် အထူးစေတနာထားဆောင်ရွက်သွားကြရန်တိုက်တွန်းလို . . . .**

သစ်ပင်တိုးတက်ရေးနှင့် စိမ်းလန်းစိုပြည်ရေးသည် မလွဲမသွေတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုကိစ္စသည် လုပ်ရိုးလုပ်စဉ် အလုပ်လည်းဖြစ်၊ ပင်ပင်ပန်းပန်းလည်းမဟုတ်၊ ဆင်းရဲဒုက္ခမများသဖြင့် လုပ်ကြမည်၊ လုပ်နိုင်ကြမည်ဆိုပါက အလွန်အကျိုးရှိသောကုသိုလ်ရမည့်လုပ်ဆောင်မှု ဖြစ်လိမ့်မည်ကို ပြောကြားလိုကြောင်း၊ **ယနေ့ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲသည် မြတ်စွာဘုရားကို ထာဝရပူဇော်နိုင်ရန်ရည်ရွယ်ပြီး အရောင်၊ အဆင်း၊ အနံ့နှင့်ပြည့်စုံသည့် နှစ်ရှည်ပင်များကို စိုက်ပျိုးခြင်းဖြစ်သည့်အတွက်ကြောင့် ရှင်သန်ဖြစ်ထွန်းအောင် အထူးစေတနာထားဆောင်ရွက်သွားကြရန် တိုက်တွန်းလို**ကြောင်း။

**“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့”** ဆိုသည့် နိုင်ငံတော်၏မူဝါဒနှင့်အညီ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် နိုင်ငံအဝန်း မြို့ပြများနှင့် ရပ်ရွာ၊ ကျေးလက်ဒေသအသီးသီးတွင် သစ်ပင်သစ်တောများ၊ စိမ်းလန်းစိုပြည်သည့် သစ်တောမြေယာရှုခင်း (Landscape)များ၊ အစိမ်းရောင်ဧရိယာ (Green Space) များကို စဉ်ဆက်မပြတ် **စာမျက်နှာ ၁၅ သို့** ☆

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing plants star-flower sapling at the third monsoon tree-planting ceremony for 2025 of Nay Pyi Taw, Union Territory



Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing delivers an address at the tree-planting ceremony.

NAY PYI TAW September 16

The third monsoon tree-planting ceremony for 2025 of Nay Pyi Taw, Union Territory took place near the premises of Maravijaya Buddha Image in Dekkhinathiri Township, Nay Pyi Taw, Union Territory this morning. Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing took part in the ceremony and planted a star-flower sapling.

Also present were Vice Chairman of the Commission Vice-Senior General Soe Win, Commission member Executive Chief U Aung Lin Dway, Commission Secretary Joint Executive Chief General Ye Win Oo, Commission members, union level dignitaries, union ministers, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, civil servants including officers from the ministries, teachers and students of Naypyitaw State Academy, Naypyitaw State Polytechnic University, Government Technical Institute (Nay Pyi Taw), Forestry and Environmental Science University and basic education schools and officials.



Senior General Min Aung Hlaing and party give applause to the efforts of tree-growers.

First, the Senior General delivered an address. He said the State is taking the leading role in holding tree-planting ceremonies with the aim of greening and beautifying the environment, improving and balancing the ecosystem, preventing natural disasters, improving climate in accord with the motto, **"Let us protect our environment for the prosperity of the Nation"** with the participation of the public.

At this ceremony 3,000 shade-trees of 18 species that blossom colourful and aromatic flowers would be grown, and the ceremony is held under a special program. Trees are specifically planted in the premises where Maravijaya Buddha Image, world's tallest marble Buddha statue in sitting posture, is located. The venue is specially chosen to turn it into a luxuriant and fragrant worshiping place, with masses of blossoming flowers. Eighteen species including gumkino, star-flower, gangkao, sal tree, neem, sakawa, Panamanian laburnum and swedaw would be planted.

A special event of this year is the simultaneous holding of the first national-level tree-planting ceremony for greening the 13 arid districts that are in Sagaing,

See Page - 19 ►►

►► From Page - 18

Magway and Mandalay regions as a mass movement on 11 July. The movement grew nearly 35,000 saplings in 29 townships.

At the second movement, 1,000 trees of seven species were grown on both sides along Minbu-Padan-An road on 19 August. The Ministry of Natural Resources and Environmental Conservation had also planted a total of 21.879 million trees including at the State-own plantations in the entire country this monsoon. It is so encouraging.

**Trees and forests are the one and only ecosystem that produce oxygen for life on earth including humans. So, they are hailed as the life supporting system.** Woods also mitigate global warming and climate change and prevent natural disasters. As the flora also provides ecosystem services, which are soil and water preservation and food sufficiency, systematic growing and management of trees will definitely support and benefit the environmental greening activities and sustainable national development.

In order to increase forest coverage across the nation, efforts must be made to successfully implement plans such as the Myanmar Forests Rehabilitation Plan, the Greening Project for 13 Tropical Districts, and the Integrated Management Plan for Coastal Mangrove Forests, in line with the set objectives. Similarly, for rural populations, two-acre plantations per village, village fuelwood plantations, and multipurpose plantations must be established. Shade trees and small forest patches must be planted along the sides of roads, including the ASEAN roadside, Union highway roadside, and the Yangon-Mandalay Expressway roadside. Furthermore, the planting and maintenance of trees along railway lines, on bare hills and mountain tops, in watershed areas of rivers and streams, and in natural water source areas must be accelerated and implemented.

In reality, tree planting is not just for festivals and ceremonies like this; it is an existing routine and traditional practice in nature. If every individual, family, or organization annually plants and nurtures as many trees as they can—one, two, three, etc.—to ensure survival in their home compounds, around their houses, in their wards/villages, around their farms, around their factories and workshops, and in any reachable places, then our goal of achieving 50 percent forest coverage in the country, along with the development of forests and trees and greening efforts, will undoubtedly progress. This task is a routine activity, not overly burdensome, and does not involve great hardship. If we do it and can do it, it will be a highly beneficial and meritorious act. I would like to mention that **today's tree planting ceremony aims to eternally honor the Lord Buddha by planting perennial trees rich in colour, appearance, and fragrance; therefore, I urge everyone to make special efforts to ensure they survive and thrive.**

In accordance with the national policy of **"Let's protect our environment for the prosperity of the Nation,"** I urge that, including the Nay Pyi Taw Council area, continuous emphasis be placed on increasing the planting and establishment of trees and forests, green and lush forest landscapes, and green spaces in urban and rural areas across the nation. Everyone, every household, every village, and every ward must be mobilized to plant trees. All must collectively nurture and maintain every tree planted at the cost of time, manpower, and money, ensuring each one survives. I encourage all citizens to participate collaboratively in the systematic planting, maintenance, and management of trees and forests across the country as a national duty.

Following this, Senior General Min Aung Hlaing led the planting of a star-flower sapling in the designated area.

Subsequently, Vice-Senior General Soe Win, Commission Member Executive Chief U Aung Lin Dway, Commission Secretary Joint Executive Chief General Ye Win Oo, Union-level officials, Union Ministers, invited distinguished guests, students, and responsible personnel from ministries and departments planted saplings simultaneously.

Afterwards, the Senior General toured the site, encouraging the participants who were cheerfully planting the saplings at the 2025 Third Monsoon Tree Planting Ceremony.

At today's ceremony, 3,000 saplings of 18 tree species, including shade trees that bloom with colorful and fragrant flowers such as Padauk, star-flower, Gangaw, Ingyin, neem, Sakawa, Panama Ngu, and Bauhinia acuminata, were planted cheerfully together in a public movement.

**100**

# Farmers harvest more than 7,000 acres of summer paddy in KhinU Township

KHINU September 16

According to KhinU Township Agriculture Department, over than 7,000 acres of summer paddy has been harvested in KhinU Township of Sagaing Region this year.

Local farmers planted 23,813 acres of summer paddy in the township, 7,860 acres of which has been harvested, yielding 85.10 baskets of paddy per acre.

"In KhinU Township this year, summer paddy was cultivated on up to 23,813 acres during the summer crop season. The paddy fields that were planted are now currently being harvested. As of today, over 7,000 acres have already been harvested.Summer paddy cultivation exceeded the originally projected acreage," said U Nay Win Naing, Head of the Department of Agriculture in KhinU Township.

In KhinU Township, to improve per-acre yield and achieve the target output, high-quality seeds were distributed, technical pamphlets were handed out, farmer training sessions and educational talks were organized, and necessary inputs were provided in a timely manner.

It was learned that experienced farmers, after harvesting monsoon paddy and monsoon crops, are being encouraged to make timely preparations for the cultivation of summer paddy and other crops. This includes following the Department of Agriculture's guidelines on pest and disease prevention, implementing soil nutrient enrichment activities, and storing quality seeds in advance in coordination with the Department of Agriculture. **SK**

# Farmers finish cultivation of vegetable plants on more than 1,000 acres of land

TAZE September 16

Local farmers have planted a total of 1,023 acres of vegetable plants in Taze Township of Sagaing Region this year, according to YeU District Agriculture Department.

In 2025-2026 monsoon crop cultivation season, local authorities earmarked 1,352 acres of vegetable plants in Taze Township but farmers have so far planted 1,023 acres of crops against the target cultivation.

"This year, during the monsoon crop season, over 1,300 acres of vegetables are planned for cultivation in Taze Township. As of today, more than 1,000 acres have already been cultivated. Efforts are ongoing to ensure that the full target acreage is achieved. The crops include roselle, chilli, spicy, cauliflowers, cabbage, herbs, Chinese cabbage, gourd, potatoes, okra, eggplant, and ridge gourd. Farmers are being provided with technical support to grow all these vegetables following the GAP (Good Agricultural Practices) system. They are also being trained to minimize chemical residues and grow crops that are healthy and safe," said U Zaw Myint Htun, Head of the Department of Agriculture for YeU District.

This year, the Taze Township Department of Agriculture is providing technical training to vegetable farmers to cultivate using GAP standards. They are also offering guidance to ensure that the harvested vegetables meet health and safety standards and are supporting farmers in expanding their vegetable cultivation areas.

In Taze Township, a variety of vegetables are cultivated seasonally each year. These crops have proven successful and contribute to household income. The Department of Agriculture continues to educate vegetable farmers on proper cultivation techniques, pest-free practices, and the use of natural fertilizers, organic pesticides, and repellents.

**SMK**

# Over 40,000 acres of green gram cultivated in Kanbalu Township

KANBALU September 16

Statistics of Kanbalu Township Agriculture Department stated that local farmers planted 48,391 acres of green gram in Kanbalu Township of Sagaing Region during this monsoon.

Local authorities earmarked cultivation of 83,944 acres of green gram as monsoon crops in 2025-2026 season in Kanbalu Township. So far, farmers have planted 48,391 acres of crops against the target cultivation.

This year, the township agricultural office has been providing the following support to green gram farmers in Kanbalu Township, promoting the use of high-quality and regionally suitable seed varieties, educating on proper cultivation methods, advising on pest and disease prevention, promoting the correct use of fertilizers, and offering guidance aimed at improving yields.

In addition, during this year's monsoon season, for all types of pulses being cultivated, efforts are being made in collaboration with farmers to ensure good yield and quality. This includes the distribution of high-quality seeds, necessary agricultural inputs, and dissemination of post-harvest technologies. **SK**

# Laos, Russia hold joint military exercise in Laos



VIENTIANE September 16

The Lao-Russian joint military exercise Laros 2025 has kicked off at the Kommadam Academy of the Lao People's Armed Forces (LPAF) in Laos, with the theme "Shoulder to Shoulder, Fighting for Peace and Security."

The drills held on Monday mark the 65th anniversary of diplomatic relations between Laos and Russia, highlighting the long-standing friendship and strategic partnership between the two nations, founded on mutual respect, trust, and cooperation, Lao national TV reported on Tuesday.

Speaking at the opening ceremony, Lao Deputy Minister of National Defence Saychai Kommasith emphasized that the joint drill is essential for strengthening military ties and enhancing operational coordination between the two armed forces.

The exercise focuses on joint command-and-control training, counter-terrorism operations, and improving combat readiness, particularly in complex terrain and under challenging weather conditions. Training will involve the deployment of armored infantry and special forces units, as well as the use of modern military vehicles and weaponry.

Beyond combat training, the program also includes cultural and ideological exchanges aimed at fostering mutual understanding and camaraderie. Activities feature joint sports events, art and literature exchanges, language learning sessions, and daily interactions between personnel from both countries.

Running from September 15 to September 25, the exercise seeks to deepen bilateral defence cooperation and improve the effectiveness of joint military operations, thereby contributing to regional peace and security.

**Xinhua**

# US strikes another 'narcoterrorist' boat

WASHINGTON September 16

The US has destroyed another vessel in international waters allegedly smuggling drugs from Venezuela, President Donald Trump announced on Monday.

Trump said the attack was part of his Caribbean crackdown on cartels he claims are backed by the Venezuelan government, a charge Caracas denies.

In a post on his Truth Social platform, the president shared a video of the strike on a boat he described as being operated by "positively identified, extraordinarily violent drug trafficking cartels and narcoterrorists." Three people were killed, he said.

The operation follows a strike on September 2 that destroyed a similar vessel and killed 11 people, according to Trump.

The US imposed sanctions on Venezuela during Trump's first term, and recently doubled its reward for information leading to President Nicolas Maduro's arrest to US$-50 million.

Maduro has denounced the US military buildup off Venezuela's coast as part of a campaign to topple him. Venezuelan Interior Minister Diosdado Cabello said last week that the country is ready for a "prolonged war" if a conflict breaks out.

**RT**

# Russia, Iran, China & Allies want to ban attacks on nuclear sites

MOSCOW September 16

Iran, Russia, Belarus, China, Venezuela, and Nicaragua have submitted a draft resolution to the International Atomic Energy Agency (IAEA) calling for a ban on any attacks or threats against safeguarded nuclear sites.

The initiative of the six countries, titled Prohibition of all forms of attack and threats of attack against nuclear sites and facilities under IAEA safeguards, is meant to defend the integrity of the NPT, Iran's Foreign Ministry spokesman Esmaeil Baqaei stated on X, in a reference to the Treaty on the Non-Proliferation of Nuclear Weapons.

**Sputnik**

# Israel strikes Yemen's Hodeidah Port

CAIRO September 16

Israel carried out a series of airstrikes on the port of Hudaydah in western Yemen on Tuesday, a source in the local government told Sputnik.

"Israeli fighter jets carried out a series of raids on the port of Hudaydah, five powerful explosions were heard," the source said.

A strong fire broke out in the port following the strikes, the source added.

The Israel Defence Forces (IDF) confirmed on Tuesday that it carried out a strike on the port of Hudaydah in Yemen in response to a missile attack of Yemen's Ansar Allah movement, also known as the Houthis.

"A short while ago, the IDF struck a military infrastructure site belonging to the Houthi terrorist regime at the Hudaydah Port in Yemen... The strike was carried out in response to the repeated attacks by the Houthi terrorist regime against the State of Israel, including the launch UAVs and surface-to-surface missiles towards the State of Israel," the IDF said on Telegram.

**Sputnik**



# Brazil's instant coffee exports to U.S. drop 60 pct due to Trump tariffs

SAO PAULO September 16

Brazil, the world's largest coffee producer and exporter, saw its soluble coffee exports to the United States plunge nearly 60 percent in August year-on-year, following the 50 percent trade tariffs imposed by Washington, the country's local coffee industry group said on Monday.

Shipments to the American market totaled 26,460 60-kg bags of coffee in August, down 59.9 percent from the same month in 2024 and 50.1 percent from July, the Brazilian Association of the Industry of Soluble Coffee (ABICS) said.

"The 50 percent tariff makes trade with the Americans unviable. We need to open channels of negotiation that restore a fair flow in the coffee ties between Brazil and the United States," said ABICS Executive Director Aguinaldo Lima.

The United States remains Brazil's main buyer of instant coffee, having purchased 443,179 bags in the first eight months of this year, followed by Argentina and Russia.

From January to August, Brazil sold a total of 2.5 million bags of instant coffee to 88 countries, a 3.9 percent decline from the same period in 2024. However, due to fluctuating coffee prices and exchange rates, Brazil's revenue rose 33 percent, reaching 760.8 million U.S. dollars.

In the domestic market, consumption continues to expand: between January and August, Brazilians consumed 763,645 bags of instant coffee, up 4.7 percent year-on-year, driven by greater product availability and ease of preparation.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Is this the end of reading glasses? Study finds eye drops a few times a day can effectively boost vision

They're the trusty pair of spectacles that help you read recipes, write letters or get stuck into the latest crime novel.

But reading glasses could soon be a thing of the past.

Experts have discovered that eye drops, administered a few times a day, can boost near vision with improvements sustained for several years.

And the formula could 'significantly reduce dependence' on reading glasses', scientists said.

Researchers specialising in presbyopia – the common condition that makes it hard to focus on close-up objects and text as we age – wanted to find out if there were any other options available besides glasses or surgery.

They carried out a retrospective study on 766 patients and found the majority could read an extra two, three or more lines on a vision test called a Jaeger chart after using specially formulated eye drops.

The drops contain pilocarpine - a drug that constricts the pupils and contracts the ciliary muscle, which controls the eye's ability to see objects at varying distances.

They also contain diclofenac, a drug that reduces inflammation and the discomfort that pilocarpine often causes.

Patients administered the eye drops twice a day, usually on waking and again approximately six hours later.


An optional third dose could be used if symptoms recurred or additional visual comfort was needed.

The researchers assessed the improvement in how well patients could read the vision chart without reading glasses one hour after the first administration of the drops.

Dr Giovanna Benozza, director of the Center for Advanced Research for Presbyopia in Argentina, said: 'We conducted this research due to the significant unmet medical need in presbyopia management.

Current solutions such as reading glasses or surgical interventions have limitations, including inconvenience, social discomfort, and potential risks or complications.

Our most significant result showed rapid and sustained improvements in near vision. One hour after having the first drops, patients had an average improvement of 3.45 Jaeger lines.



Many older people have a set of reading glasses they dutifully put on when they open a book. But this could become a thing of the past, experts say.



The eye drops in the study were administered two times a day, with an extra dose in the evening if required.

'The treatment also improved focus at all distances.'

An improvement in the patients' vision was sustained for up to two years – the length of the study.

Dr Benozza said the eye drops could significantly reduce dependence on reading glasses.

'Importantly, this treatment is not intended to replace surgical interventions, but rather to serve as a valuable solution for patients who need safe, effective, and personalised alternatives and seek freedom from the inconvenience of eyewear,' she said.

'Eye care professionals now have an evidence-based pharmacological option that expands the spectrum of presbyopia care beyond glasses and surgery.'

The findings were presented at the 43rd Congress of the European Society of Cataract and Refractive Surgeons.

**THE DIFFERENCE BETWEEN SHORT AND LONG-SIGHTEDNESS?**

Both short-sightedness and long-sightedness are common conditions which diminish a person's eyesight.

Short-sighted people (myopic) have difficulty seeing objects at a distance.

They favour objects that are closer to them.

Their vision is clear when looking at things up close, but further away objects become out of focus or blurred.

Short-sightedness (myopia) occurs when the distance from the front to the back of the cornea's curve is too steep.

This forces the light to focus in front of the retina, making objects in the distance appear blurred.

Long-sightedness (hyperopia) is the opposite of this and allows people to see objects clearly at a distance but find it hard to focus on things close to them.

This makes day-to-day activities such as working, reading or watching TV difficult and can result in eye strain. This then produces fatigue and headaches.

Long-sightedness occurs when the distance from the front to the back of the cornea's curve is too steep.

**Mail Online**

# တရုတ်တပ်မတော်ရဲ့ ရေပြင်၊ ဝေဟင်စိုးမိုးနိုင်စွမ်းကိုမြှင့်တင်ပေးမယ့် ခေတ်မီဆန်းပြား စွမ်းဆောင်ရည်မြင့်လက်နက်များ-(၁)

အခုလအစောပိုင်းတုန်းက တရုတ်နိုင်ငံ ပေကျင်းမြို့မှာကျင်းပခဲ့တဲ့ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကြီးမှာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က ရေပြင်၊ ဝေဟင်စိုးမိုးမှုကို အကောင်းဆုံးပံ့ပိုးပေးနိုင်စေမယ့် အဆင့်မြင့်စစ်လက်နက်များကိုလည်းထုတ်ဖော်ပြသခဲ့ပါတယ်။ အဲဒီစစ်လက်နက်ပစ္စည်းများကို မြင်တွေ့ရသူတိုင်းက ရင်သပ်ရှုမောမှုများစွာနဲ့အတူ တအံ့တဩဖြစ်ခဲ့ရပါတယ်။ အဓိကကတော့ ဆန်းသစ်လှတဲ့စစ်လက်နက်များရဲ့စွမ်းဆောင်ရည်ကြောင့်ပါ။

ရေပြင်၊ ဝေဟင်ကို စိုးမိုးနိုင်စေမယ့် စစ်လက်နက်ပစ္စည်းများထဲမှာ နည်းပညာမြင့်မားတဲ့ လူမဲ့ရေငုပ်သင်္ဘော၊ ရေပေါ်သွားယာဉ်အသစ်၊ ရေအောက်ဒရုန်းယာဉ်ကြီးအပြင် မောင်းသူမဲ့တိုက်ခိုက်ရေးယာဉ်ပျံများ၊ အမျိုးမျိုးသောလေယာဉ်များ အစရှိသဖြင့်ပါဝင်ခဲ့ပါတယ်။ အဲဒီလေယာဉ်တွေထဲမှာ ပဉ္စမမျိုးဆက်ကိုယ်ပျောက်တိုက်လေယာဉ်များလည်း ပါဝင်ခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် စစ်လက်နက်ပစ္စည်းလေ့လာသူများကို အံ့ဩသွားစေတဲ့ အဲဒီစစ်လက်နက်ပစ္စည်းများရဲ့စွမ်းဆောင်ရည်များက ဘာတွေဖြစ်မလဲဆိုတာကို လေ့လာတင်ပြလိုက်ရပါတယ်။

## HSU100 လူမဲ့ရေငုပ်သင်္ဘော

HSU100 လူမဲ့ရေငုပ်သင်္ဘောရဲ့ဒီဇိုင်းပိုင်းကိုကြည့်ရတာ အချိန်ကြာမြင့်လှတဲ့ စောင့်ကြည့်ထောက်လှမ်းရေးနဲ့ ထောက်လှမ်းရေးသတင်းအချက်အလက်များရယူစုဆောင်းရေးလုပ်ငန်းတာဝန်များကိုအဓိကထမ်းဆောင်နိုင်ဖို့အတွက် ဒီဇိုင်းရေးဆွဲထားတယ်လို့ယူဆရပါတယ်။ သူ့ကို အကြီးစားရေယာဉ်များနည်းတူ ရေချအသုံးပြုနိုင်မှာပါ။ ယာဉ်တည်ဆောက်ပုံကိုကြည့်ခြင်းအားဖြင့် အရေးကြီးတဲ့ဆိုနာ သာမက တခြားသောအာရုံခံကိရိယာအမျိုးမျိုးနဲ့ဆက်သွယ်ရေးတိုင်အမျိုးမျိုးကို တပ်ဆင်နိုင်တာတွေ့ရပါတယ်။

ရေယာဉ်ရဲ့မောင်းနှင်အားနဲ့ပတ်သက်ပြီး တရားဝင်ထုတ်ဖော်ပြောထားခြင်းမရှိပေမယ့် ပန်ကာနဲ့အမြီးပိုင်းနေရာတွေမှာ ရေယာဉ်ကိုထိန်းချုပ်တဲ့ အင်္ဂလိပ်အက္ခရာ X ပုံစံမျက်နှာပြင်များ ပါဝင်နေတာကို တွေ့ရှိရပါတယ်။ ဒီအတွက် ခန့်မှန်းခြေအားဖြင့်ပြောရမယ်ဆိုရင် ဒီရေယာဉ်ဟာ Anduril Ghost Shark ကဲ့သို့ ပြည်ပဒီဇိုင်းတွေလို ဘက်ထရီစွမ်းအင်သက်သက်ဖြင့် မောင်းနှင်နိုင်တဲ့ရေယာဉ်ဖြစ်နိုင်တယ်လို့ ယူဆရပါတယ်။ ဒါ့အပြင် နောက်တစ်ခု ယူဆနိုင်တာက ဒီဇယ်-လျှပ်စစ်စွမ်းအင်သုံး မောင်းနှင်အားအတွက် အသက်ရှူပြွန်ပါရှိနိုင်ခြေရှိတာဖြစ်ပါတယ်။

## ရေပေါ်သွားယာဉ်အသစ်

ပြာလွင်လွင်အရောင်လေးနဲ့ မျက်စိပသာဒဖြစ်ရတဲ့ ရေပေါ်သွားယာဉ်လေးကလည်း ပရိသတ်များရဲ့အာရုံကိုဖမ်းစားနိုင်ခဲ့ပါသေးတယ်။ သူ့ရဲ့ဒီဇိုင်းပိုင်းကိုကြည့်ရင်တော့ သေးငယ်လှပါတယ်။ ဒါပေမဲ့ သူ့ရဲ့စွမ်းဆောင်ရည်ကတော့ မြင့်မားလှတယ်လို့ဆိုရမှာပါ။ သူက လူမဲ့ ဒါမှမဟုတ် လူလိုက်ပါနိုင်တဲ့ ရေပေါ်သွားယာဉ်ဖြစ်ပါတယ်။ သူ့ရဲ့စွမ်းဆောင်ရည်များအနက် တစ်ခုက မိုင်းရှင်းလင်းရေးတာဝန်များကို ထမ်းဆောင်နိုင်ခြင်းဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မိုင်းရှင်းလင်းရေးနဲ့ မိုင်းဖျက်ဆီးရေးကိရိယာများကို ဝန်ချီကြိုးဖြင့် ထောက်ပံ့ပေးနိုင်တာကြောင့်ဖြစ်ပါတယ်။ ယာဉ်ရဲ့ရှေ့ပိုင်းမှာတော့ ခုခံကာကွယ်ရေးအတွက် လျှပ်စစ်-အလင်းစနစ်အသုံးပြု အလတ်စား အော်တိုသေနတ်ကိုတပ်ဆင်ထားပြီး မောင်းနှင်အားအတွက်ကိုတော့ ရေဂျက်ပန်ကာနှစ်ခုကို အသုံးပြုထားပါတယ်။ အထူးသဖြင့် သူ့ကိုအသုံးပြုနိုင်တဲ့နေရာများက ရေတိမ်ပိုင်းနဲ့ ကမ်းရိုးတန်းနေရာများဖြစ်ပြီး ရေငုပ်သင်္ဘောဖျက်စစ်ဆင်ရေးအတွက် အကန့်အသတ်နဲ့ စွမ်းဆောင်နိုင်ဖွယ်ရှိတာတွေ့ရပါတယ်။ သို့ပေမယ့်သူ့ကိုအဓိကအသုံးပြုမယ့်နေရာက ရေဒီယိုထိန်းချုပ်စနစ်သုံး Type 529 မိုင်းရှင်းလင်းရေးဒရုန်းများကဲ့သို့ ဒီဇိုင်းဟောင်းနေရာမှာ အစားထိုးသွားဖွယ်ရှိတယ်လို့ ယူဆရပါတယ်။



စစ်ရေးပြအခမ်းအနားတွင်ထုတ်ဖော်ပြသခဲ့သည့် AJX002 ရေအောက်ဒရုန်းယာဉ်ကြီး

## AJX002 ရေအောက်ဒရုန်း

AJX002 အမျိုးအစားရေအောက်ဒရုန်းယာဉ်ကြီးကတော့ စစ်ရေးပြအခမ်းအနားကိုတက်ရောက်လာကြတဲ့ နိုင်ငံတကာမှ ခေါင်းဆောင်များအပြင် အခြားပရိသတ်များရဲ့စိတ်ဝင်စားမှုကို အကြီးအကျယ်ဆွဲဆောင်နိုင်ခဲ့တဲ့ ဒရုန်းဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် အဲဒီဒရုန်းက ဉာဏ်ရည်တုနည်းပညာ(AI)ကိုအသုံးပြုထားတဲ့အပြင် အလျားမီတာ ၂၀ ရှိတော်ပီဒိုပုံစံရေအောက်သွားယာဉ်ကြီးဖြစ်နေလို့ပါပဲ။ သူ့ကိုအသုံးပြုနိုင်တဲ့စစ်ဆင်ရေးများက စောင့်ကြည့်ခြင်း၊ ထောက်လှမ်းခြင်း၊ မိုင်းထောင်ခြင်းတို့ကဲ့သို့သော ထိုးစစ်ဆင်မှုများဖြစ်ပါတယ်။

စစ်ရေးပြအခမ်းအနားမှာ တရားဝင်ထုတ်ဖော်ပြောဆိုချက်အရဆိုရင် အဲဒီရေယာဉ်ကို မိုင်းခင်းနိုင်စွမ်းရှိတဲ့ဒရုန်းအဖြစ် သတ်မှတ်ထားတာတွေ့ရပါတယ်။ ဒီလိုမျိုး ရေအောက်သွားဒရုန်းကနေ မိုင်းခင်းခြင်းက ကမ္ဘာ့ရေတပ်အများစုအနေနဲ့ စိတ်ဝင်စားတဲ့ကိစ္စတစ်ခုပါ။ ဒါကြောင့် တချို့နိုင်ငံတွေကလည်း အလားတူ မိုင်းခင်းနိုင်တဲ့ရေအောက်သွားဒရုန်းများကို ပိုင်ဆိုင်ထားတာတွေ့ရပါတယ်။ အထင်ရှားဆုံးကတော့ Boeing Orca AUV နဲ့ Anduril Ghost Shark တို့ဖြစ်ပါတယ်။ AJX002 ရဲ့ ဒီဇိုင်းပိုင်းက HSU100 နဲ့ ယှဉ်ရင် ကိုယ်ထည်ပိုင်းကျဉ်းမြောင်းပြီး မတူညီတဲ့ ရေယာဉ်ထိန်းချုပ်စနစ်များ ပါရှိပါတယ်။

## မောင်းသူမဲ့တိုက်ခိုက်ရေး ယာဉ်ပျံများ

အခုစစ်ရေးပြအခမ်းအနားမှာ မောင်းသူမဲ့တိုက်ခိုက်ရေးယာဉ်ပျံများစွာကိုထည့်သွင်းပြသသွားတာတွေ့ရပါတယ်။ အထင်ရှားဆုံးကတော့ GJ-11 ဆိုတဲ့ အမြီးမဲ့ယာဉ်ပျံဖြစ်ပါတယ်။ သူ့ကို ၂၀၁၉ ခုနှစ် စစ်ရေးပြအခမ်းအနားမှာ ပထမဆုံး ထုတ်ဖော်ပြသခဲ့တာပါ။ သူက ၂၀၁၃ ခုနှစ်မှာ ပထမဆုံးထုတ်ဖော်ပြသခဲ့တဲ့ "ဓားမြှောင်" ဆိုတဲ့သရုပ်ပြယာဉ်ကနေ ဆင့်ကဲပြောင်းလဲလာတာဖြစ်ပြီး အခုအမျိုးအစားအသစ်က ကမ်းထိုးတိုက်ရေယာဉ်ဒါမှမဟုတ် လေယာဉ်တင်သင်္ဘောအခြေပြု စစ်ဆင်ရေးဆောင်ရွက်နိုင်တဲ့ အမျိုးအစားဖြစ်ပုံရပါတယ်။ သူ့ရဲ့အချက်အလက်တချို့ကို ဖော်ပြရရင် ယာဉ်ရဲ့အလျားက ၁၂ ဒသမ ၂ မီတာ၊ တောင်ပံအလျားက ၁၄ ဒသမ ၄ မီတာရှိပြီး ပျံသန်းနိုင်တဲ့ခရီးအကွာအဝေးက ကီလိုမီတာ ၄၀၀၀ အထိကို အမြင့်မီတာ ၁၂၅၀၀ ကနေပျံသန်းနိုင်မှာဖြစ်ပါတယ်။

နောက်တစ်ခုက CAIG Wing Loong II အမျိုးအစား အလယ်အလတ်အမြင့်ပျံ မောင်းသူမဲ့တိုက်ခိုက်ရေးယာဉ်ပါ။ သူက တာဝေးကင်းထောက်တာဝန်ထမ်းဆောင်နိုင်ပြီး တိုက်ခိုက်ခြင်းအတွက် GB3 လေဆာလမ်းညွှန်ဗုံးနဲ့ TL10 ပဲ့ထိန်းဒုံးကျည်များသယ်ဆောင်နိုင်ပါတယ်။ သူက မီတာ ၉၉၀၀ ကျော်အမြင့်ကနေ တစ်နာရီကို မိုင် ၂၃၀ နှုန်းဖြင့်ပျံသန်းနိုင်ပါတယ်။

နောက်ထပ် မောင်းသူမဲ့ယာဉ်ပျံများက တိုက်လေယာဉ်ပုံစံကိုတုပကာ မြန်နှုန်းမြင့်ခြင်း၊ ကိုယ်ယောင်ဖျောက်ခြင်း၊ ဘက်စုံသုံးနိုင်ခြင်း၊ တိုက်ခိုက်ရေးအတွက် ပဲ့ထိန်းဒုံးများသယ်ဆောင်ခြင်းတို့ကိုလုပ်ဆောင်နိုင်တဲ့ Type A အမြီးမဲ့လန်ဒါတောင်ပံယာဉ်ပျံ၊ J20-S တိုက်လေယာဉ်ကိုခြံရံလိုက်ပါနိုင်စေဖို့ ဒီဇိုင်းထုတ်ထားပြီး တိုက်ခိုက်ရေးအတွက်ပဲ့ထိန်းဒုံးများ၊ ဗုံးများကို ကိုယ်ထည်အတွင်းသယ်ဆောင်ကာ ကိုယ်ယောင်ဖျောက်နိုင်စွမ်းရှိတဲ့ Type B အမြီးမဲ့ဗီတောင်ပံယာဉ်ပျံ၊ Type B လိုမျိုးပဲ လူမောင်းတိုက်လေယာဉ်နဲ့ လူမဲ့ဒရုန်းအတွဲအတွက်ရည်ရွယ်ကာ ဉာဏ်ရည်တု(AI)နဲ့ ဂျက်အင်ဂျင်အစွမ်းကြောင့် အဖိုးနည်းဝန်ပါတိုက်ခိုက်နိုင်ပြီး စစ်မြေပြင်စောင့်ကြည့်ရေးကိုလည်း အားကောင်းစေတဲ့အတွက် ရှင်သန်နိုင်စွမ်းမြင့်မားတဲ့ Type D အမြီးစောင်းဗီတောင်ပံယာဉ်ပျံ၊ လူမောင်းတိုက်လေယာဉ်နဲ့ လူမဲ့ဒရုန်းအတွဲအတွက် သစ္စာရှိအစောင့်လိုက်ဒရုန်းအဖြစ်ရည်ရွယ်ပြီး ရည်မှန်းချက်ကိုချဲ့ထွင်ခြင်း၊ အန္တရာယ်ကိုရင်ဆိုင်နိုင်ခြင်း၊ ပစ်ချက်တိကျခြင်း၊ အီလက်ထရွန်နစ်စစ်ဆင်နိုင်ခြင်း အစရှိတဲ့ စွမ်းပကားများကိုပေးစွမ်းနိုင်တဲ့ Type E အမြီးစောင်းဘေးကားတောင်ပံယာဉ်ပျံတို့ဖြစ်ပါတယ်။



စစ်ရေးပြအခမ်းအနားတွင်ထုတ်ဖော်ပြသခဲ့သည့် HSU100 လူမဲ့ရေငုပ်သင်္ဘော

Ref: Xinhua, DS

မင်းခန့်ဖေ၊ ကိုထက်

## ဂျပန်နိုင်ငံ၌ ပထမဆုံးအဖြစ် Clade 1b မျောက်ကျောက် ပိုင်းရပ်တွေ့ရှိ

**တိုကျို၊ ကျန်းမာရေး**

ဂျပန်နိုင်ငံ၌ ပထမဆုံးအဖြစ် Clade 1b အမျိုးအစား မျောက်ကျောက်ပိုင်းရပ်ကို တွေ့ရှိထားကြောင်း ကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာလ ၁၆ ရက်တွင်ထုတ်ပြန်သည်။

ကိုဘေးမြို့၌နေထိုင်သော အသက် ၂၀ ကျော်အမျိုးသမီးတစ်ဦး၌ ပိုင်းရပ်ကိုတွေ့ရှိရခြင်းဖြစ်ကြောင်း၊ ၎င်းသည် မကြာသေးမီက အာဖရိကဒေသသို့ ခရီးသွားဖူးသည့် မှတ်တမ်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ထိုအမျိုးသမီးတွင်တွေ့ရသည့် ပိုင်းရပ်ကို မျိုးရိုးဗီဇဆိုင်ရာ လေ့လာဆန်းစစ်မှု လုပ်ဆောင်ရာ ထိုပိုင်းရပ်သည် Clade 1b အမျိုးအစားဖြစ်သောကြောင့် နိုင်ငံအတွင်း ပထမဆုံးတွေ့ရှိသည့် ပိုင်းရပ်ဖြစ်လာခြင်းဖြစ်ကြောင်း ဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

ယင်းအမျိုးသမီးသည် ဖျားခြင်း၊ အရေပြားတွင်အဖုအပိမ့်များထွက်ခြင်း ဝေဒနာများကိုခံစားရသည့်အတွက် စက်တင်ဘာလ ၁၂ ရက်တွင် ကိုဘေးမြို့ရှိဆေးပေးခန်းသို့လာရောက်ပြသ၍ ကုသမှုခံယူသူဖြစ်ကြောင်း သိရသည်။

Ref: Xinhua

## အမေရိကန်နှင့် ဂျပန်တို့အနေဖြင့် Typhon ဒုံးကျည်စနစ်ကို ပြန်လည်ရုပ်သိမ်းရန် တရုတ်တိုက်တွန်း



**ပေကျင်း၊ စစ်ရေး**

အမေရိကန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့အနေဖြင့် အမေရိကန်နိုင်ငံကထုတ်လုပ်ထားသော Typhon ဒုံးကျည်စနစ်ဖြန့်ကြက်မှုကို ပြန်လည်ရုပ်သိမ်းရန် တရုတ်အစိုးရက စက်တင်ဘာလ ၁၆ ရက်တွင် တိုက်တွန်းလိုက်ကြောင်းသိရသည်။

အမေရိကန်နှင့်ဂျပန်တို့က ပြီးခဲ့သည့် သီတင်းပတ်မှစတင်လုပ်ဆောင်သော ပူးတွဲစစ်ရေးလေ့ကျင့်မှုအတွင်း အဆိုပါဒုံးကျည်စနစ်ကို ဂျပန်နိုင်ငံ၌ ပထမဆုံးအကြိမ် ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။ နှစ်နိုင်ငံကြားဆောင်ရွက်လျက်ရှိသော Resolute Dragon အမည်ရှိ ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် စက်တင်ဘာလ ၂၅ ရက်အထိကြာမြင့်မည်ဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည်။

ထို့နောက် အမေရိကန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် တရုတ်နိုင်ငံ၏စိုးရိမ်ပူပန်မှုများကို လျစ်လျူရှုကာ ပူးတွဲစစ်ရေးလေ့ကျင့်မှုလုပ်သည်ဟူသော ခေါင်းစဉ်ဖြင့် ထိုတာလတ်ပစ်ဒုံးကျည်စနစ်ကို ဂျပန်၌ ဖြန့်ကြက်အသုံးပြုလာကြောင်း၊ ထိုအခြေအနေနှင့်ပတ်သက်၍ တရုတ်နိုင်ငံဘက်က အခိုင်အမာကန့်ကွက်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူ လင်ကျန်းက ပုံမှန်သတင်းစာရှင်းလင်းပွဲ၌ သတင်းထောက်များကိုပြောသည်။

ထို့ပြင် အမေရိကန်နိုင်ငံက Typhon ဒုံးကျည်စနစ်ကို အာရှဒေသရှိနိုင်ငံများ၌ ဖြန့်ကြက်အသုံးပြုခြင်းသည် ဒေသတွင်း လက်နက်အပြိုင်တပ်ဆင်မှုနှင့် စစ်ရေးအရ ထိပ်တိုက်တွေ့ဆုံနိုင်မှုအန္တရာယ်ကိုမြင့်မားစေပြီး ဒေသတွင်းမဟာဗျူဟာမြောက် လုံခြုံရေးကိုလည်း ခြိမ်းခြောက်ရာရောက်နေကြောင်း လင်ကျန်းကဆက်ပြောသည်။

အမေရိကန်နိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် နှစ်နိုင်ငံကြားနှစ်စဉ်ပူးတွဲစစ်ရေးလေ့ကျင့်မှုများလုပ်နိုင်ရန်ဟုဆိုကာ အဆိုပါဒုံးကျည်စနစ်ကို ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း၌ ဖြန့်ကြက်ထားသည်။ ယင်းဒုံးကျည်စနစ်သည်အမေရိကန်တပ်မတော်၏တာဝေးပြေးတိကျတိုက်ခိုက်မှုအစီအစဉ်ကို အကောင်အထည်ဖော်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သိရသည်။

Ref: AGC

## ကမ္ဘောဒီးယား၌ ကလေးငယ်များတွင် လက်-ခြေ-ပါးစပ် ရောဂါဖြစ်ပွားမှု မြင့်တက်နေ

**ဖနွမ်းပင်၊ ကျန်းမာရေး**

ကမ္ဘောဒီးယားနိုင်ငံ၌ ကလေးငယ်များတွင် လက်-ခြေ-ပါးစပ် ရောဂါ (HFMD) ဖြစ်ပွားမှု မြင့်တက်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာလ ၁၆ ရက်တွင်ထုတ်ပြန်သည်။

အထူးသဖြင့် အသက် ၅ နှစ်အောက်ကလေးငယ်များတွင် အဆိုပါရောဂါဖြစ်ပွားမှု မြင့်တက်လာနေခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ သို့သော် ရောဂါဖြစ်ပွားနေသူအရေအတွက်ကိုမူ ဖော်ပြထားခြင်းမရှိကြောင်းတွေ့ရသည်။

အဆိုပါရောဂါသည် Enterovirus 71 အမည်ရှိ ပိုင်းရပ်ကူးစက်မှုကြောင့် ဖြစ်ပွားသောရောဂါဖြစ်ကြောင်း၊ မွေးကင်းစများနှင့် ကလေးငယ်များတွင် အများဆုံးကူးစက်လေ့ရှိသည်သာမက အရွယ်ရောက်ပြီးသူများကိုလည်း ကူးစက်နိုင်စွမ်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည်။

အဆိုပါရောဂါသည် ပြင်းထန်မှုမရှိဘဲ ရောဂါကူးစက်ခံရသူအားလုံးနီးပါးသည် ခုနစ်ရက်မှ ၁၀ ရက်အတွင်း ရောဂါများသက်သာပျောက်ကင်းလေ့ရှိကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

Ref: Xinhua

## လာအိုနိုင်ငံ၌ လာအိုနှင့်ရုရှားနိုင်ငံတို့ကြား သံတမန်ဆက်ဆံရေး ၆၅ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်ခန်းများပြုလုပ်

**ဗီယန်ကျင်း၊ စစ်ရေး**

လာအိုတပ်မတော်နှင့် ရုရှားတပ်မတော်တို့က လာအိုနိုင်ငံ၌ ပူးတွဲစစ်ရေးလေ့ကျင့်ခန်းများလုပ်ဆောင်ကြောင်း သိရသည်။ “ငြိမ်းချမ်းရေးနှင့်လုံခြုံရေးအတွက် တူညီညာတာဝန်ယူစို့” ဟူသောခေါင်းစဉ်ဖြင့် လုပ်ဆောင်သော အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်ခန်းကို လာအိုပြည်သူ့တပ်မတော်၏ကွမ်မာဒန်အကယ်ဒမီ၌ စက်တင်ဘာလ ၁၅ ရက်တွင် ဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါစစ်ရေးလေ့ကျင့်ခန်းကို လာအိုနှင့် ရုရှားနိုင်ငံတို့ကြား သံတမန်ဆက်ဆံရေး ၆၅ နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်။ ထို့ပြင် အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် အုတ်မြစ်ချခဲ့သည့် နှစ်နိုင်ငံကြား မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုနှင့် ရေရှည်တည်တံ့သော ချစ်ကြည်ရေးကိုဖော်ညွှန်းသည့်အနေဖြင့် အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်ခန်းကို လုပ်ဆောင်ခြင်းဖြစ်ကြောင်း Lao national TV က စက်တင်ဘာလ ၁၆ ရက်တွင်ဖော်ပြထားသည်။



အလားတူ အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်ခြင်းသည် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြားဆက်ဆံရေးခိုင်မာစေရန်နှင့် လက်တွေ့ပူးပေါင်းဆောင်ရွက်နိုင်စွမ်းပိုမိုမြင့်မားစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း လာအိုကာကွယ်ရေးဝန်ကြီးက ပြောသည်။

အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်ခန်းတွင် ပူးတွဲကွပ်ကဲမှုနှင့်ထိန်းချုပ်မှု၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ဆင်ရေး၊ တိုက်ပွဲဝင်အသင့်ရှိမှုတို့အတွက် အဓိကဦးစားပေးလေ့ကျင့်ခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် ရှုပ်ထွေးသောမြေပြင်အခြေအနေ၊ စိန်ခေါ်မှုရှိသော ရာသီဥတုအခြေအနေများတွင် ပူးတွဲစစ်ဆင်နိုင်စွမ်းများ မြင့်မားစေရန်ဖြစ်ကြောင်း သိရသည်။

Ref: Xinhua

## ယူကရိန်းအရေးနှင့်ပတ်သက်၍ ဇီလန်စကီ သဘောတူရလိမ့်မည်ဟု ထရမ့်ပြော





**ဝါရှင်တန်၊ နိုင်ငံရေး**

ယူကရိန်းအရေးနှင့် ပတ်သက်၍ ယူကရိန်းသမ္မတ ဗိုလိုဒိုမာဇီလန်စကီ အနေဖြင့် သဘောတူညီချက်တစ်ခုကို မဖြစ်မနေ သဘောတူရလိမ့်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကပြောသည်။

ထရမ့်က ဗြိတိန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးမသွားမီ သတင်းထောက်များနှင့် တွေ့ဆုံစဉ်ဇီလန်စကီအနေဖြင့် သဘောတူညီချက်တစ်ခုကို မဖြစ်မနေချမှတ်ရလိမ့်မည်ဖြစ်ကြောင်း အကြိမ်ကြိမ်ပြောဆိုခဲ့ခြင်းဖြစ်သည်။

ထရမ့်သည် ယူကရိန်းပဋိပက္ခပြေလည်စေရေးအတွက် ကြိုးပမ်းနေသူဖြစ်ပြီး ရုရှားသမ္မတနှင့် ယူကရိန်းသမ္မတတို့ကြား တွေ့ဆုံဆွေးနွေးမှုများလုပ်ရန် တိုက်တွန်းထားသူဖြစ်သည်။ ယူကရိန်းအရေးနှင့် ပတ်သက်၍ ရုရှားနိုင်ငံက ဆွေးနွေးမှုများ လုပ်ဆောင်ရန်အသင့်ရှိကြောင်း၊ ရုရှားသမ္မတက ဇီလန်စကီနှင့်တွေ့ဆုံရန်လည်း အသင့်ရှိကြောင်း ပြောထားသည်ဟုသိရသည်။

Ref: RT

# မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ သစ်တောစိုက်ခင်းများနှင့် ကားလမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားမှု ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၆

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ်အတွင်းရှိသစ်တောစိုက်ခင်းများ၏ ရှင်သန်အောင်မြင်မှုအခြေအနေနှင့် ကားလမ်းဘေးဝဲယာစိမ်းလန်းစိုပြည်ရေး တစ်အုပ်တစ်မစိုက်ခင်းများ စိုက်ပျိုးဆောင်ရွက်ထားမှုအခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မုန်ချောင်းပေါက်ကျေးရွာအနီးရှိ ၂၀၂၅ မိုးရာသီတွင် စိုက်ပျိုးထားသည့် ၁/၂၀၂၅ ကျေးရွာသုံးထင်းစိုက်ခင်း ၁၀ ဧက၏ ရှင်သန်အောင်မြင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အပူပိုင်းဒေသရာသီဥတု၊ မြေအမျိုးအစားနှင့်ကိုက်ညီသော ဒေသမျိုးရင်းသစ်မျိုးများအား ရွေးချယ်စိုက်ပျိုးသွားရန်နှင့် စိုက်ပျိုးထားသော အပင်များ ရှင်သန်ကြီးထွားအောင် ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြားသည်။

ထို့နောက် ၂၀၂၄ မိုးရာသီတွင် စိုက်ပျိုးခဲ့သည့် ၁/၂၀၂၄ ကျေးရွာထင်းစိုက်ခင်းဧက ၂၀ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေနှင့် မကွေး-ကံပြား-နတ်မောက်ကားလမ်း လမ်းဘေးဝဲယာစိမ်းလန်းစိုပြည်ရေး တစ်အုပ်တစ်မ တမာစိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မကွေးမြို့နယ်ရှိ မကွေး-ရေနံချောင်းကားလမ်းဘေးဝဲယာ တစ်အုပ်တစ်မစိုက်ပျိုး



ထားသည့် မိုင်တိုင် ၃၃၆ ရှိ တမာ၊ယူကလစ် တစ်အုပ်တစ်မစိုက်ခင်း အပင် ၂၀၀၀ ကိုလည်းကောင်း၊ မိုင်တိုင် ၃၄၀ အနီးရှိ တမာ၊ ဖျောက်ဆိပ် တစ်အုပ်တစ်မ စိုက်ခင်းအပင် ၁၀၀၀ ကိုလည်းကောင်း၊ မိုင်တိုင် ၃၄၀/၂ ရှိ တမာ၊ ရင်းမာ၊ ဖျောက်ဆိပ်၊ ပိတောက် တစ်အုပ်တစ်မစိုက်ခင်းအပင် ၄၀၀ ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အပူပိုင်းဒေသ ၁၃ ခရိုင်စိမ်းလန်းစိုပြည်ရေးသစ်တောစိုက်ခင်းများတည်ထောင်ရေး၊ သဘာဝတောကျန်များထိန်းသိမ်းရေး၊ ကားလမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး တစ်အုပ်တစ်မစိုက်ခင်းများတည်ထောင်ရေး၊ ကျေးရွာထင်းစိုက်ခင်းနှင့် တစ်ရွာနှစ်ဧက ဘက်စုံသုံးစိုက်ခင်းများတည်ထောင်ရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန်မှာကြားသည်။

ဆက်လက်၍ မကွေးမြို့နယ် ဒေါင်းနေတိုးချဲ့ကြိုးပြင်ကာကွယ်တောအတွင်း ၂၀၂၅ မိုးရာသီတွင်စိုက်ပျိုးထားသည့် ၃/၂၀၂၅ အထူးစိမ်း ဒဟတ်၊ မဲဇလီ တစ်အုပ်တစ်မစိုက်ခင်း အပင် ၄၀၀၀ ၏ ရှင်သန်အောင်မြင်မှုအခြေအနေနှင့် မကွေးမြို့ရှိ မြို့မသစ်တောပျိုးဥယျာဉ်၌ ပျိုးပင်များပျိုးထောင်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# နောင်ချိုမြို့နယ်တွင် ပဏာမကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများ၊ အသက် ၁၅ နှစ်အောက်ကလေးများအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ ပြန်လည်အားဖြည့်ဆောင်ရွက်ပေးလျက်ရှိ

နောင်ချို စက်တင်ဘာ ၁၆

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှုတိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲ ၂၅ ခု ပြန်လည်ဖွင့်လှစ်ပြီး ပဏာမ ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်လျက်ရှိသည်။

နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် နောင်ချိုမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးပညာပေးခြင်းလုပ်ငန်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းနှင့် ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းကိုပြန်လည်အားဖြည့်ဆောင်ရွက်ရန်အတွက် Big Catch-up၊ Routine Catch-up နည်းလမ်းများဖြင့် အမီလိုက် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ၊ အသက် ၁၅ နှစ်အောက်ကလေးများအား လိုအပ်သော ကာ ကွယ်ဆေးများကို အထူးအစီအစဉ်ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး လုပ်ငန်းများ (Special Immunization Activities)၊ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများဖြစ်ပွားချိန်တွင် တုံ့ပြန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများ (Outbreak Response Immunization) စသည်ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို ကလေးတိုင်းဆီသို့ရောက်ရှိအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၅ ရက်မှ စက်တင်ဘာလ ၁၅ ရက်အထိ နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် နောင်ချိုမြို့ပေါ်နှင့် ကျေးရွာများရှိ ကျောင်းပေါင်း ၈၈ ကျောင်းနှင့် ကျောင်းသားပေါင်း ၁၃၅၂၆ ဦးကို ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး မြို့ပေါ်နှင့် ကျေးလက်ကျန်းမာရေးဌာနများတွင် ဒေသခံတိုင်းရင်းသားပြည်သူ စုစုပေါင်း ၃၁၁၃ ဦးကို လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်း ပြန်လည်အားဖြည့် ဆောင်ရွက်လျက်ရှိပြီး အသက်ငါးနှစ်အောက်ကလေးငယ်များအား ငါးမျိုးစပ်ကာကွယ်ဆေး၊ ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး၊ ပိုလီယိုရောဂါကာကွယ်ဆေး (အစက်ချဆေး၊ ထိုးဆေး)များကိုလည်းကောင်း၊ အသက်ငါးနှစ်မှ ခုနစ်နှစ်အရွယ် ကလေးများအား ဆုံဆို့-မေးခိုင် ရောဂါ ကာကွယ်ဆေး၊ ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး၊ ပိုလီယိုရောဂါကာကွယ်ဆေး (အစက်ချဆေး) များကိုလည်းကောင်း၊ အသက်ခုနစ်နှစ်မှ ၁၅ နှစ်အရွယ်ကလေးများအား မေးခိုင်-ဆုံဆို့ရောဂါကာကွယ်ဆေး၊ ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးများကိုလည်းကောင်း ထိုးနှံတိုက်ကျွေးပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၅ ရက်မှ စက်တင်ဘာလ ၁၅ ရက်အထိ ကလေး စုစုပေါင်း ၁၆၄၈၄ ဦးကို လိုအပ်သော ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးနိုင်ခဲ့သည်။

အသက် ၁၅ နှစ်အောက်ကလေးများအား လိုအပ်သောကာကွယ်ဆေးများအား



အထူးအစီအစဉ်ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးလုပ်ငန်းများကို နောင်ချိုမြို့နယ်အပြင် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်နေသောမြို့နယ်အားလုံးတွင် ထိုးနှံတိုက်ကျွေးပေးလျက်ရှိသည်။

နောင်ချိုမြို့နယ်တွင် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၀ ရက်က "မြနန်းတော်ဝင်" မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်၍ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးခဲ့ပြီး မြို့နယ်ပြည်သူ့ဆေးရုံကို ဩဂုတ်လ ၂ ရက်က ပြန်လည်ဖွင့်လှစ်ကာ လူနာများအား လက်ခံကုသပေးခြင်းနှင့် အရေးပေါ်ခွဲစိတ်ကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ထိုဒေသအနီးတစ်ဝိုက်မှ ဒေသခံတိုင်းရင်းသားပြည်သူများ လာရောက်ကုသမှုခံယူလျက်ရှိပြီး စက်တင်ဘာလ ၁၅ ရက်အထိ နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံတွင် ပြင်ပလူနာ ၃၅၉၅ ဦးနှင့် အတွင်းလူနာ ၄၂၁ ဦးအား လိုအပ်သောကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

## " ပြည်သူ့ကြားက ပြည်သူ့စကား " အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ ''ပြည်သူ့ကြားက ပြည်သူ့စကား''အစီအစဉ်မှ **"ကျိုက်မရောမြို့နယ် ကော့ပနောကျေးရွာအနီး အရပ်သားပြည်သူနဲ့ ခရီးသွားပြည်သူများ ကြောက်ရွံ့ထိတ်လန့်ထိခိုက်စေရန် KNU/PDF အကြမ်းဖက်သမားများက Drop Bomb ချတိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့တဲ့ ပြည်သူ ၁၁ ဦး"** ခေါင်းစဉ်ဖြင့် ၁၇-၉-၂၀၂၅ ရက်(ယနေ့) မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"လူ့အခွင့်အရေးအတွက် ဒီမိုကရေစီအတွက်လုပ်နေပါတယ်ဆိုသော အကြမ်းဖက် PDF များ အင်အားနည်းလာပြီဖြစ်သောကြောင့် အသက်မပြည့်သေးသော စာသင်အရွယ်ကလေးငယ်များကို ခြိမ်းခြောက်၍ အတင်းအဓမ္မလူသစ်စုနေ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# စနစ်သစ်နှင့် ရွေးကောက်ပွဲဆီသို့ (၁)

မဲဆန္ဒရှင်တစ်ဦး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄ တွင် နိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်ဟု ညွှန်းဆိုထားသည်။ နိုင်ငံသားတို့က အချုပ်အခြာအာဏာကို ကျင့်သုံးရန် ရွေးကောက်ပွဲနည်းလမ်းမှတစ်ပါး အခြားမရှိ။ ပြည်သူများက မိမိတို့ကိုကိုယ်စားပြုရမည့်ကိုယ်စားလှယ်များကို ရွေးကောက်ပွဲတွင်ဆန္ဒမဲပေး၍ ရွေးချယ်ရသည်၊ ရွေးချယ်ခံရသည့်ကိုယ်စားလှယ်များက ပြည်သူ့ထံမှဆင်းသက်လာသည့် အချုပ်အခြာအာဏာအရပ်ရပ်ကို ပြည်သူများကိုယ်စား ကျင့်သုံးဖော်ဆောင်ခြင်းဖြစ်သည်။ ထို့အတွက် ပြည်သူတို့က ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးသင့်သည်။

**ဒီမိုကရေစီရွေးကောက်ပွဲ**

ဒီမိုကရေစီရွေးကောက်ပွဲဆိုသည်မှာ အထွေထွေရွေးကောက်ပွဲတစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသော နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက်မဲဆန္ဒရှင်ပြည်သူလူထု၏ထောက်ခံဆန္ဒမဲများကို သက်ဆိုင်ရာလွှတ်တော်အသီးသီး၏ ကိုယ်စားလှယ်နေရာများအဖြစ်သို့ ပြောင်းလဲပေးလိုက်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ပြည်သူလူထု၏ကိုယ်စားပြုမှုကို ဖော်ဆောင်ပေးလိုက်ခြင်းပင်ဖြစ်သည်။

ထို့ကြောင့် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကျင့်သုံးသည့်နိုင်ငံများသည် မိမိနိုင်ငံသမိုင်းကြောင်း၊ နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်နိုင်ငံရေးဖြစ်ထွန်းမှု စသည့်အချက်များပေါ်မူတည်၍ ရွေးကောက်တင်မြှောက်ပုံစနစ်များကို ရေးဆွဲကျင့်သုံးရသည်။ ယင်းသို့ ကျင့်သုံးလိုက်သည့် ရွေးကောက်ပွဲစနစ်များသည် နိုင်ငံ့အနာဂတ်အတွက် ရေတို သို့မဟုတ် ရေရှည်အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းမှုအပေါ်တွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သက်ရောက်လျက်ရှိနေမည်ဖြစ်သည်။

**ရွေးကောက်ပွဲအခြေခံသဘောတရားများ**

ရွေးကောက်ပွဲတွင်လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ သမာသမတ်ကျခြင်း၊ အများယုံကြည်လက်ခံခြင်း၊ တာဝန်ယူမှုရှိခြင်း၊ လူထုကိုယ်စားပြုမှုကို ဖော်ဆောင်နိုင်ခြင်း၊ အားလုံးပါဝင်နိုင်ခြင်း၊ ရွေးကောက်ပွဲစီမံခန့်ခွဲမှုအားကောင်းခြင်း၊ ပြဋ္ဌာန်းဥပဒေများနှင့် ညီညွတ်ခြင်းတို့သည် အများကလက်ခံထားသည့် အခြေခံသဘောတရားများဖြစ်သည်။

မည်သည့်ဒီမိုကရေစီအုပ်ချုပ်ရေးအတွက်မဆို ရွေးကောက်ပွဲစနစ်ရွေးချယ်မှုသည် အရေးကြီးသော ဥပဒေရေးရာမူဘောင်တစ်ရပ်ဖြစ်သည်။ ရွေးချယ်လိုက်သည့် ရွေးကောက်ပွဲစနစ်တစ်ခုသည် နိုင်ငံ့အနာဂတ်နှင့် နိုင်ငံရေးပုံရိပ်တို့အပေါ်တွင် နက်ရှိုင်းစွာအကျိုးသက်ရောက်မည်ဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲစနစ်နှင့် ရွေးကောက်ပွဲများသည် နိုင်ငံတော်နှင့်ပြည်သူတို့အတွက် အလွန်အရေးကြီးသည်။

အချို့ ရွေးကောက်ပွဲစနစ်များက တစ်ပါတီတည်းကြီးစိုးသည့်အခြေအနေကို ပေါ်ပေါက်စေသည်၊ အချို့ရွေးကောက်ပွဲစနစ်များက ညွန့်ပေါင်းအစိုးရတစ်ရပ်ရပ်ကို ဦးတည်စေသည်။ အချို့ရွေးကောက်ပွဲစနစ်များက မဲဆန္ဒရှင်တို့၏ကိုယ်စားပြုမှုကို အချိုးကျဖော်ဆောင်ပေးနိုင်ပြီး အချို့ ရွေးကောက်ပွဲစနစ်များတွင် မဲသာသူက အနိုင်ရသဖြင့် ကျန်မဲဆန္ဒရှင်များအတွက် ကိုယ်စားပြုမှု ဆုံးရှုံးနစ်နာရကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် မိမိနိုင်ငံ၊ မိမိပြည်သူနှင့် သင့်လျော်သော ရွေးကောက်ပွဲစနစ်များကို ရွေးချယ်၍လည်းကောင်း၊ တီထွင်ဖန်တီး၍လည်းကောင်း၊ ရွေးကောက်ပွဲစနစ်တစ်ခုမှတစ်ခုသို့ ပြောင်းလဲ၍လည်းကောင်း ရေးဆွဲကျင့်သုံးကြရသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အတိတ်နှင့်ပစ္စုပ္ပန်ကို သုံးသပ်ပြီး အနာဂတ်ဖြစ်နိုင်ခြေများကိုလည်း ကြိုတင်မြော်တွေး၍ ဆောင်ရွက်ရသည်။

**➢ ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူအားလုံး လွယ်ကူအဆင်ပြေစွာ မဲပေးနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်ပေးထားပြီးဖြစ်သည်။ မဲဆန္ဒရှင်ဖြစ်သူများကလည်း ရွေးကောက်ပွဲတွင် မိမိတို့၏ဆန္ဒမဲနှင့် နိုင်ငံသားအခွင့်အရေးကိုကျင့်သုံးပြီး နိုင်ငံတော်နှင့်နိုင်ငံသားတို့အတွက် အရည်အချင်းရှိသော ကိုယ်စားလှယ်ကောင်းများကိုရွေးချယ်နိုင်ရန် မျှော်လင့်သည်။ ပြည်သူတို့က ဉာဏ်နှင့်ယှဉ်သော ဆန္ဒမဲတို့ဖြင့် အရည်အချင်းရှိသည့် လူကောင်းလူတော်များကို မှန်မှန်ကန်ကန် ရွေးချယ်နိုင်ရန်လိုအပ် . . .**

**အခြေခံရွေးကောက်ပွဲစနစ်များ**

ရွေးကောက်ပွဲစနစ်ဆိုင်ရာ ကျွမ်းကျင်သူများ၏အဆိုအရ နိုင်ငံအများစုတွင် ကျင့်သုံးနေသော အဓိကရွေးကောက်ပွဲစနစ်အုပ်စု သုံးအုပ်စုရှိသည်ဟုဆိုသည်။ **ဗဟုအများစုကိုယ်စားပြုစနစ်များအုပ်စုတွင်** မဲအများဆုံးရသူ အနိုင်ရစနစ် (First Past The Post – FPTP)၊ နှစ်ကျော့ပြန်စနစ် (Two Round System – TRS)၊ ကြိုက်နှစ်သက်မှုဦးစားပေးစနစ် (Alternative Vote – AV)၊ ကိုယ်စားလှယ်ဗဟိုပြုစနစ် (Block Vote – BV)၊ ပါတီဗဟိုပြုစနစ် (Party Block Vote – PBV) တို့ပါဝင်သည်၊ **အချိုးကျကိုယ်စားပြုစနစ်များအုပ်စုတွင်** စာရင်းအလိုက် အချိုးကျကိုယ်စားပြုစနစ် (List Proportional Representation – List PR) နှင့် လွှဲပြောင်း၍ရသော တစ်မဲတည်းမဲပေးစနစ် (Single Transferable Vote – STV) တို့ ပါဝင်သည်။ **ပေါင်းစပ်ထားသည့်စနစ်များအုပ်စုတွင်** အပြိုင်စနစ် (Parallel System) နှင့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (Mixed Member Proportional – MMP) တို့ပါဝင်သည်၊ အသုံးနည်းသည့်တွက်ချက်မှုရှုပ်ထွေးသော စနစ်အချို့လည်းရှိသည်ဟု ဆိုသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၃ နိုင်ငံတွင် ဗဟုအများစုကိုယ်စားပြုစနစ် ၇၄ နိုင်ငံ၊ အချိုးကျကိုယ်စားပြုစနစ် ၇၈ နိုင်ငံ၊ စနစ်နှစ်မျိုးရောနှောထားသော ပေါင်းစပ်ထားသည့်စနစ်များ ကျင့်သုံးသည့်နိုင်ငံ ၃၃ နိုင်ငံနှင့် အခြားစနစ် ကျင့်သုံးသည့် နိုင်ငံ ရှစ်နိုင်ငံရှိကြောင်း သိရသည်။

**ရွေးကောက်ပွဲစနစ်အတွက်လိုအပ်ချက်များ**

ရွေးကောက်ပွဲစနစ်တစ်ရပ်ဖော်ဆောင်ခြင်းနှင့် စနစ်တစ်ခုမှတစ်ခုသို့ ပြောင်းလဲကျင့်သုံးခြင်းဆောင်ရွက်ရာတွင် အခြေခံဥပဒေနှင့်ညီညွတ်ခြင်း၊ မျှတသော ကိုယ်စားပြုမှုကို ဖော်ဆောင်နိုင်ခြင်း၊ ရိုးရှင်းလွယ်ကူစွာမဲပေးနိုင်ခြင်း၊ တန်းတူပါဝင်ယှဉ်ပြိုင်နိုင်ခွင့်ရှိခြင်း၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်များက မဲဆန္ဒရှင်ကို တာဝန်ခံခြင်း၊ မတူကွဲပြားမှုများကို စုစည်းနိုင်ပြီး တူညီသောညီညွတ်မှုကို ဖော်ဆောင်နိုင်ခြင်း၊ တည်ငြိမ်သော အစိုးရတစ်ရပ်ကိုဖြစ်ပေါ်စေခြင်း၊ နိုင်ငံရေးပါတီငယ်များနှင့် တိုင်းရင်းသားလူမျိုးစုများကို အားပေးခြင်း၊ နိုင်ငံတကာစံသတ်မှတ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်တည်ငြိမ်ပြီး ရေရှည်တည်တံ့စေခြင်း၊ တည်ငြိမ်သော နိုင်ငံရေးပုံရိပ်ကောင်းကို ဖြစ်ထွန်းစေခြင်း၊ အမျိုးသားအကျိုးစီးပွားကို ရေရှည်ဖော်ဆောင်နိုင်ခြင်းနှင့် ဒီမိုကရေစီ၏အနှစ်သာရဖြစ်သော ဗဟုနိုင်ငံရေး (Multipolitic) ကို မြှင့်တင်ပေးနိုင်ခြင်းစသည်တို့အပေါ်တွင်အခြေခံပြီး စဉ်းစားသုံးသပ်ဆောင်ရွက်ခြင်းဖြစ်သည်။

**ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးခြင်း**

မြန်မာနိုင်ငံတွင် ယခင်က ရွေးကောက်ပွဲများကို မဲအများဆုံးရသူအနိုင်ရစနစ် (FPTP)ဖြင့် ကျင်းပခဲ့သည်။ ယခင်ကျင့်သုံးခဲ့သည့် ရွေးကောက်ပွဲစနစ်၏ အားနည်းချက်၊ အားသာချက်၊ နိုင်ငံသားတို့၏ အကျိုးစီးပွားလိုအပ်ချက်၊ ရွေးကောက်ပွဲမှ ပေါ်ပေါက်ခဲ့သည့် နိုင်ငံရေးအကျိုးဆက်၊ အနာဂတ် နိုင်ငံ့အကျိုးစီးပွားမျှော်မှန်းချက်တို့အပေါ်မူတည်၍ ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးရန်လိုအပ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၉-၇-၂၀၂၅ ရက်စွဲဖြင့် ပြဋ္ဌာန်းလိုက်သည့် လွှတ်တော် ရွေးကောက်ပွဲဥပဒေများကို ဆဋ္ဌမအကြိမ် ပြင်ဆင်သည့်ဥပဒေတွင် လာမည့်ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲစနစ်သစ် ပါဝင်ကြောင်း ထင်သာမြင်သာတွေ့ရှိရသည်။ ပြည်သူ့လွှတ်တော်အတွက် ယခင်အတိုင်း FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအတွက် FPTP စနစ်အပြင် PR စနစ်လည်းပါဝင်သည့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (MMP) ကျင့်သုံးရန် ပြဋ္ဌာန်းထားသည်။ ရွေးကောက်ပွဲ၏အကျိုးကျေးဇူးဖြစ်သော FPTP စနစ်၏ အားသာချက်နှင့် PR စနစ်၏ ကောင်းကျိုးများရရှိစေရန်၊ တိုင်းရင်းသားလူမျိုးစုများအတွက် ပေါင်းစည်းခြင်း၊ ကိုယ်စားပြုခြင်းနှင့် မျှတခြင်းအခွင့်အလမ်းများကိုမြှင့်တင်ပေးရန် ရည်ရွယ်ထားကြောင်း ရှင်းလင်းစွာတွေ့ရှိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒနယ်များစာရင်းကို ၁၅-၈-၂၀၂၅ ရက်နေ့တွင်သတ်မှတ်ကြေညာခဲ့သည်၊ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲအတွက် FPTP မဲဆန္ဒနယ် ၃၃၀ နယ်၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲအတွက်FPTPမဲဆန္ဒနယ် ၈၄ နယ်နှင့် PR မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များအတွက် FPTP မဲဆန္ဒနယ် ၃၂၂ နယ်နှင့် PR မဲဆန္ဒနယ် ၄၂ နယ်၊ တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်၊ မဲဆန္ဒနယ် စုစုပေါင်း ၈၃၃ နယ်ဖြစ်သည်။ FPTP မဲဆန္ဒနယ်များတွင် ကိုယ်စားလှယ်တစ်ဦးစီ ရွေးကောက်တင်မြှောက်ရမည်။ PR မဲဆန္ဒနယ်များတွင် ကိုယ်စားလှယ် နှစ်ဦးနှင့်အထက် ရွေးကောက်တင်မြှောက်ရမည်ဖြစ်သည်။

**MMP စနစ်ဆိုသည်မှာ**

MMP စနစ်ဆိုသည်မှာ ရောနှောထားသည့်စနစ်များအုပ်စုတွင် ပါဝင်သည့်စနစ်တစ်မျိုးဖြစ်သည်။ မတူညီသည့် ရွေးကောက်ပွဲစနစ်နှစ်မျိုးကို ကျင့်သုံးခြင်းဖြစ်သည်၊ သာမန်အားဖြင့်ဗဟုအများစုကိုယ်စားပြုစနစ်နှင့် အချိုးကျကိုယ်စားပြုစနစ်တို့ကို ပေါင်းစပ်ကျင့်သုံးခြင်းဖြစ်သည်။ အဓိကအားဖြင့် FPTP စနစ်နှင့် PR စနစ်တို့ကို ပေါင်းစပ်ပြီး မဲဆန္ဒနယ်နှင့် ရွေးကောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက်ခွဲခြား၍ ကျင့်သုံးခြင်းဖြစ်သည်။ ပထမနည်း – မဲဆန္ဒရှင်က FPTP အတွက် မိမိနှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို မဲတစ်ကြိမ်၊ PR အတွက် နှစ်သက်ရာပါတီကို မဲတစ်ကြိမ် မဲနှစ်ကြိမ်ပေးသည့်စနစ်လည်းရှိသည်။ ဒုတိယနည်း – နှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို မဲတစ်ကြိမ်သာပေးရပြီး ကိုယ်စားလှယ်လောင်းရရှိသည့်မဲက ယင်းကိုယ်စားပြုသည့်ပါတီကရသည့်မဲအဖြစ် FPTP အတွက်ရော PR အတွက်ပါ တွက်ယူသည့်စနစ်လည်းရှိသည်။

လာမည့်ရွေးကောက်ပွဲအတွက် MMP စနစ်ကို ဒုတိယနည်းဖြင့် ဆောင်ရွက်မည်ဖြစ်သည်။ ဤနည်းလမ်းအရ မဲဆန္ဒရှင်က ယခင်ရွေးကောက်ပွဲများအတိုင်း မဲတစ်ကြိမ်သာပေးရမည်။ မဲတစ်ကြိမ်ပေးရုံဖြင့် FPTP ကိုယ်စားလှယ်ရော PR ကိုယ်စားလှယ်များကိုပါ တပေါင်းတစည်းတည်း ရွေးကောက်တင်မြှောက်နိုင်မည်ဖြစ်သည်။ ရိုးရှင်းသည်။ လွယ်ကူသည်။ ရှုပ်ထွေးမှုမရှိပါ။ အခက်အခဲလည်းမရှိပါ။ နိုင်ငံရေးပါတီများက FPTP မဲဆန္ဒနယ်အတွက်ရော PR မဲဆန္ဒနယ်အတွက်ကိုပါ ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းရန်ဖြစ်သည်။ ရွေးကောက်တင်မြှောက်ခံရသည့် ကိုယ်စားလှယ်များအား MMP စနစ်ဖြင့် ပေါင်းစည်းတွက်ချက်ခြင်းကို တိုင်းဒေသကြီး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ဆောင်ရွက်မည်ဖြစ်သဖြင့် အမှားအယွင်းမရှိနိုင်ပါ။ ပါတီများကရသည့် ခိုင်လုံမဲအချိုးအစားအတိုင်း ကိုယ်စားလှယ်များ ရွေးကောက်ခံရမည်ဖြစ်သည်။

MMP စနစ်အရ FPTP စနစ်နှင့် PR စနစ်တို့ကို ပေါင်းစပ်ကျင့်သုံးခြင်းဖြစ်သဖြင့် စနစ်နှစ်မျိုးစလုံး၏အားသာချက်နှင့်ကောင်းကျိုးများကို ရရှိမည်ဖြစ်သည်။ FPTP စနစ်အရ ကိုယ်စားလှယ် အချိုးမညီမျှမှုကို PR စနစ်ဖြင့် အချိုးကျမျှတအောင် ဖြည့်ဆည်းပေးနိုင်သည်။ FPTP မဲဆန္ဒနယ်တွင် ကိုယ်စားလှယ်နေရာ မရခဲ့ပါကလည်း ပါတီကရသည့် အချိုးကျမဲအရ PR မဲဆန္ဒနယ်အတွက် ကိုယ်စားလှယ်ရရှိနိုင်သည့်စနစ်ဖြစ်သည်။ မဲဆန္ဒရှင်များက နှစ်သက်ရာ ကိုယ်စားလှယ်လောင်းနှင့် ပါတီကို စိတ်ကြိုက်ရွေးချယ်နိုင်သည့် အခွင့်အလမ်းရှိသည်။ အဓိကအားဖြင့် တိုင်းရင်းသားလူမျိုးစုပါတီများအတွက် ဒေသအလိုက် ကိုယ်စားပြုမှုပိုမိုရရှိလာမည်ဖြစ်သည်။ လူထုအလွှာအသီးသီးကို ကိုယ်စားပြုသော ပါတီငယ်များအတွက်လည်း ကိုယ်စားလှယ်နေရာများ ပိုမိုရရှိလာမည်ဖြစ်သည်၊ လွှတ်တော်တွင်ပါတီစုံဖြင့် ကိုယ်စားပြုမှုစနစ် ပိုမိုမြင့်မားလာမည်ဖြစ်သည်။

**စာမျက်နှာ ၂၆ သို့ ➲**

⊃ စာမျက်နှာ ၂၅ မှအဆက်

လွှတ်တော်တွင်း ယခင်သက်တမ်းက တိမ်းစောင်းခဲ့သည့် အပြန်အလှန် ထိန်းကျောင်းမှုယန္တရားကို ပြန်လည်တည့်မတ်ပေးနိုင်မည်ဖြစ်သည်။ ပါတီကြီးတစ်ခုတည်းက လွှမ်းမိုးသော နိုင်ငံရေးယဉ်ကျေးမှုပုံစံမှ ဒီမိုကရေစီ၏အနှစ်သာရဖြစ်သော Multiparty ပါတီစုံပုံစံ ပိုမိုပေါ်လွင်လာမည်ဖြစ်သည်။

**ရွေးကောက်ပွဲစနစ်၊ မဲဆန္ဒနယ်နှင့် ကိုယ်စားပြုခြင်း**

နိုင်ငံအလိုက် ရွေးကောက်ပွဲစနစ်တစ်မျိုးတည်းကိုကျင့်သုံးခြင်း၊ လွှတ်တော်တစ်ရပ်လျှင် ရွေးကောက်ပွဲစနစ်တစ်မျိုးစီခွဲခြားကျင့်သုံးခြင်း၊ လွှတ်တော်တစ်ရပ်တည်းတွင် ကိုယ်စားလှယ်အရေအတွက်ခွဲခြားသတ်မှတ်၍ ရွေးကောက်ပွဲစနစ်နှစ်မျိုး ပူးတွဲကျင့်သုံးခြင်းတို့ကို မိမိနိုင်ငံအခြေအနေနှင့် လိုက်လျောညီထွေစွာ ရွေးချယ်ကျင့်သုံးကြောင်း တွေ့ရှိရသည်။

အချို့နိုင်ငံများက မည်သည့်ရွေးကောက်ပွဲစနစ်ဖြင့် ရွေးကောက်တင်မြှောက်ရမည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားပြီး အချို့နိုင်ငံများက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိဘဲ လွှတ်တော်ရွေးကောက်ပွဲဥပဒေကဲ့သို့သော သက်ဆိုင်ရာဥပဒေများတွင်သာ ပြဋ္ဌာန်းထားသည်။ မည်သည့်ရွေးကောက်ပွဲစနစ်အတွက်မဆို မဲဆန္ဒနယ်သတ်မှတ်ခြင်းသည် အရေးကြီးသည်။ ရွေးကောက်ပွဲစနစ်အရ ကိုယ်စားလှယ်တစ်ဦးစီ ရွေးကောက်ရမည့် FPTP မဲဆန္ဒနယ်နှင့် ကိုယ်စားလှယ်တစ်ဦးထက်ပို၍ ရွေးကောက်ရမည့် PR မဲဆန္ဒနယ်ဟူ၍ နှစ်မျိုးရှိသည်။ မဲဆန္ဒနယ်သတ်မှတ်ရာတွင် ကိုယ်စားလှယ်အရေအတွက်နှင့် နိုင်ငံ့လူဦးရေ အချိုးအစားပေါ်အခြေခံ၍လည်းကောင်း၊ နယ်မြေဒေသကို အခြေခံ၍လည်းကောင်း၊ နယ်မြေတစ်ခုနှင့်တစ်ခု လူဦးရေအချိုးညီမျှမှုကို အခြေခံ၍လည်းကောင်း၊ လူမျိုးစုဒေသများကိုအခြေခံ၍လည်းကောင်း သတ်မှတ်လေ့ရှိသည်။ FPTP စနစ်အရ မဲဆန္ဒနယ်တစ်နယ်ချင်းစီ ကိုယ်စားပြုသည်။ PR စနစ်အရ မဲဆန္ဒနယ်တစ်နယ်လုံးကို စုပေါင်းကိုယ်စားပြုရသည်။ ယခုပြောင်းလဲကျင့်သုံးမည့် MMP စနစ်အရ မဲဆန္ဒနယ်ကိုယ်စားပြု FPTP ကိုယ်စားလှယ်များနှင့် ပါတီအချိုးကျ ကိုယ်စားပြု PR ကိုယ်စားလှယ်များကို လွှတ်တော်အလိုက်တပေါင်းတစည်းတည်း ရရှိလာမည်ဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲစနစ်၏အဓိကအနှစ်သာရဖြစ်သောပေါင်းစည်းခြင်း၊ ကိုယ်စားပြုခြင်းနှင့် မျှတခြင်းတို့ကိုဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။

**စနစ်သစ်နှင့် ရွေးကောက်ပွဲအတွက် ထူးခြားချက် ၅ ချက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ် အမှတ်စဉ်(၅) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံ့တာဝန်ကို လက်ဆင့်ကမ်းထမ်းဆောင်ရသော အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကလည်း ဦးတည်ချက် (၄)ရပ် ချမှတ်ခဲ့သည်။ ဦးတည်ချက် (၄)ရပ်သည် လာမည့်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေးအတွက် လမ်းပြမြေပုံပင်ဖြစ်သည်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ခန့်အပ်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဥပဒေနှင့်အညီ ကြီးကြပ်ကျင်းပပေးရမည်ဖြစ်သည်။ ကျင်းပမည့်စနစ်သစ်နှင့် ရွေးကောက်ပွဲတွင် ထူးခြားချက် ၅ ချက် တွေ့ရှိရသည် -

ပထမအချက် - ယခင်အတွေ့အကြုံရှိပြီးဖြစ်သည့် FPTP စနစ်အပြင် ပါတီအချိုးကျကိုယ်စားပြု PR စနစ်ပါဝင်သည့် ရောနှောထားသောကိုယ်စားလှယ်အချိုးကျ MMP စနစ် ပြောင်းလဲကျင့်သုံးခြင်းဖြစ်သည်။ FPTP စနစ်အရ ရရှိမည့် ကိုယ်စားလှယ်အပြင် PR စနစ်အရ ပါတီအချိုးကျကိုယ်စားလှယ်များလည်း ရရှိလာမည်ဖြစ်သည်။ မဲဆန္ဒရှင်များက ယခင်မဲပေးသည့်စနစ်အတိုင်း FPTP မဲဆန္ဒနယ်များအတွက် နှစ်သက်ရာကိုယ်စားလှယ်လောင်းကိုတစ်ကြိမ်သာမဲပေးပြီး မဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ်များကို အလွယ်တကူ ရွေးချယ်နိုင်သည်။ နောက်ထပ် PR မဲဆန္ဒနယ်များအတွက် FPTP မဲဆန္ဒနယ်တွင် ပါတီကိုယ်စားပြုကိုယ်စားလှယ်လောင်းက ရရှိခဲ့သည့်မဲများကို ပါတီကရရှိသည့်မဲအဖြစ်သတ်မှတ်ပြီး ရိုးရှင်းလွယ်ကူသော Closed List စနစ်၊ ကြွင်းကျန်မဲအများဆုံးစနစ် (The Largest Remainder) နှင့် Hare Quota တွက်နည်းတို့ဖြင့် အချိုးကျကိုယ်စားလှယ်များကို ဥပဒေနှင့်အညီ တွက်ချက်ခွဲဝေပေးမည်ဖြစ်သည်၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အလိုက် FPTP မဲဆန္ဒနယ်များနှင့် PR မဲဆန္ဒနယ်များ သတ်မှတ်ထားသည်ဖြစ်ရာ ဒေသအလိုက် တိုင်းရင်းသားလူမျိုးစုများနှင့် ပါတီငယ်များ လွှတ်တော်တွင် ကိုယ်စားပြုနေရာများ ပိုမိုရရှိလာမည်ဖြစ်သည်။

ဒုတိယအချက် - ရွေးကောက်ပွဲနေ့ မဲရုံတွင် ဆန္ဒမဲပေးခြင်းနည်းလမ်းကို မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ဖြင့် ပြောင်းလဲကျင့်သုံးမည်ဖြစ်သည်။ မဲဆန္ဒရှင်များက ဆန္ဒပြုစက်တွင် ခလုတ်တစ်ကြိမ်နှိပ်၍ နှစ်သက်ရာကိုယ်စားလှယ်လောင်းကို အလွယ်တကူမဲပေးနိုင်သည်။ မဲပေးစက်အသုံးပြုခြင်းဖြင့် ပယ်မဲမရှိခြင်း၊ ရိုးရှင်းလွယ်ကူစွာမဲပေးနိုင်ခြင်း၊ မဲဆန္ဒရှင်က မိမိမဲပေးထားချက်ကို မျက်မြင်စစ်ဆေးကြည့်ရှုနိုင်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ လွယ်ကူမှန်ကန်မြန်ဆန်ခြင်း၊ မဲရလဒ်များ မိနစ်ပိုင်းအတွင်း ထုတ်ယူနိုင်ခြင်း၊ အပြန်အလှန်စစ်ဆေးနိုင်ခြင်း၊ MEVM စက်တွင် ပြင်ပမှချိတ်ဆက်ဆောင်ရွက်နိုင်သည့် USB Port များမပါဝင်ခြင်း၊ Wifi၊ Bluetooth ကဲ့သို့သော ကြိုးမဲ့စနစ်နှင့် အင်တာနက်ကွန်ရက် ချိတ်ဆက်နိုင်သည့် စနစ်များမပါဝင်ခြင်းတို့ကြောင့် ပြင်ပမှ ဝင်ရောက်နှောင့်ယှက်၍မရဘဲ လုံခြုံမှုရှိခြင်း၊ မဲမသမာမှုလုပ်၍မရခြင်း၊ ရာနှုန်းပြည့်ယုံကြည်စိတ်ချရခြင်း၊ ရွေးကောက်ပွဲ အစဉ်အဆက်အသုံးပြုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။

တတိယအချက် - မဲဆန္ဒရှင်စာရင်းများ ပြုစုခြင်းနှင့် စီမံခန့်ခွဲခြင်းကို မြို့နယ်အဆင့်တွင် DEO Software၊ Admin Software ဖြင့်လည်းကောင်း၊ ဗဟိုအဆင့်တွင် ဗဟိုမဲဆန္ဒရှင်စာရင်းစီမံခန့်ခွဲမှုစနစ် (CVLMS) ဖြင့်လည်းကောင်း နည်းပညာအသုံးပြု၍ ဆောင်ရွက်ခြင်းဖြစ်သည်။ မဲစာရင်းပြုစုရာတွင် ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၃ အရ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လူဦးရေစာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံး၏ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ပါ လူဦးရေစာရင်းတို့ကို ရယူအခြေခံပြုစုခြင်းဖြစ်သဖြင့် လူဦးရေစာရင်းများခိုင်မာမှုရှိသည်။ နည်းပညာဖြင့် စိစစ်ခြင်း၊ စီမံခန့်ခွဲခြင်းဆောင်ရွက်နိုင်သည်ဖြစ်ရာ ယခင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကဲ့သို့ မဲစာရင်းမှားယွင်းမှုများကြောင့် မဲမသမာမှုများ ဖြစ်ပွားရန်အကြောင်းမရှိတော့ပါ။ မှန်ကန်ရှင်သန်နေသော မဲစာရင်းများအဖြစ် နောင်ရွေးကောက်ပွဲအစဉ်အဆက်အသုံးပြုနိုင်မည်ဖြစ်သည်။

စတုတ္ထအချက်-ရွေးကောက်ပွဲကိုအပိုင်းလိုက်ဆောင်ရွက်မည့်အစီအမံဖြစ်သည်။ အပိုင်း(၁)အတွက် ဆန္ဒမဲပေးရမည့် ၂၈-၁၂-၂၀၂၅ ရက်နေ့နှင့် မြို့နယ် ၁၀၂ မြို့နယ်စာရင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိပေးထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။ ဆက်လက်ကျင်းပမည့် အပိုင်းလိုက်မဲပေးရမည့်နေ့ရက်နှင့်မြို့နယ်များစာရင်းကိုလည်း ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။ မဲရုံအားလုံးတွင် MEVM စက်များဖြင့် ဆန္ဒမဲပေးရမည်။ နယ်မြေဒေသအခြေအနေအရရွေးကောက်ပွဲလုံခြုံရေးနှင့် စီမံခန့် ခွဲရေးအစီအမံများ စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် ရွေးကောက်ပွဲကို အပိုင်းလိုက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပဉ္စမအချက် - ရွေးကောက်ပွဲအောင်မြင်စွာကျင်းပပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်အသစ်နှင့်အစိုးရအဖွဲ့အသစ် ပေါ်ပေါက်လာမည့်အချက်ဖြစ်သည်။ ပြောင်းလဲကျင့်သုံးမည့် ရွေးကောက်ပွဲစနစ်၏ အကျိုးကျေးဇူးအရ ဥပဒေပြုရေးကဏ္ဍနှင့် အုပ်ချုပ်ရေးကဏ္ဍတွင် တိုင်းရင်းသားများနှင့် လူထုအလွှာအသီးသီး၏ ကိုယ်စားပြုမှုပိုမိုပါဝင်လာမည်ဖြစ်သည်။ ထာဝရငြိမ်းချမ်းရေးရရှိရေး၊ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေလမ်းကြောင်းနှင့် လွှတ်တော်နိုင်ငံရေးယဉ်ကျေးမှုလမ်းကြောင်းတို့မှတစ်ဆင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လမ်းခင်းပေးထားသည့်အချက်ပင်ဖြစ်သည်။

**ပြည်သူအားလုံးပါဝင်သော ရွေးကောက်ပွဲ**

လာမည့်ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာကျင်းပနိုင်ရန် ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့များဖြစ်သည့် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများက စွမ်းဆောင်ရည်ကောင်းကောင်းဖြင့် ကြိုးပမ်းဆောင်ရွက်ကြမည်။ ရွေးကောက်ပွဲနေ့ မဲရုံတစ်ရုံချင်းစီ၏ ရည်မှန်းချက်တာဝန်များအောင်မြင်ပြီးမြောက်စေရန် မဲရုံအဖွဲ့များကလည်း လုပ်ငန်းကျွမ်းကျင်မှုဖြင့် ဆောင်ရွက်ကြမည်။ ရွေးကောက်ပွဲအတွက် လိုအပ်သော စီမံခန့်ခွဲရေးနှင့်လုံခြုံရေး အစီအမံများကို အစိုးရ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးမည်။ ရွေးကောက်ပွဲယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများကလည်း ဥပဒေဘောင်အတွင်းမှ မိမိတို့ပါတီအသီးသီး၏ စည်းရုံးရေးစွမ်းရည်ကို ပြသကြရမည်။ ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူအားလုံး လွယ်ကူအဆင်ပြေစွာ မဲပေးနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်ပေးထားပြီးဖြစ်သည်။ မဲဆန္ဒရှင်ဖြစ်သူများကလည်း ရွေးကောက်ပွဲတွင် မိမိတို့၏ ဆန္ဒမဲနှင့် နိုင်ငံသားအခွင့်အရေးကို ကျင့်သုံးပြီး နိုင်ငံတော်နှင့်နိုင်ငံသားတို့အတွက်အရည်အချင်းရှိသောကိုယ်စားလှယ်ကောင်းများကို ရွေးချယ်နိုင်ရန် မျှော်လင့်သည်။ ပြည်သူတို့က ဉာဏ်နှင့်ယှဉ်သော ဆန္ဒမဲတို့ဖြင့်အရည်အချင်းရှိသည့်လူကောင်းလူတော်များကို မှန်မှန်ကန်ကန် ရွေးချယ်နိုင်ရန် လိုအပ်သည်။ ရွေးကောက်ပွဲအား မလိုလား၍နှောင့်ယှက်ဖျက်ဆီးမည့်သူများ၏ အန္တရာယ်ကိုလည်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများကပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်ရမည်ဖြစ်သည်။ ပြည်သူအားလုံးပါဝင်သော ရွေးကောက်ပွဲမှတစ်ဆင့် တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် တက်ညီလက်ညီ တက်စုံရှက်စုံဖြင့် ဆက်လက်ချီတက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

ကျွန်ုပ်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအား ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရမည်ဖြစ်သည်။ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဂုဏ်သိက္ခာပင်ဖြစ်သည်။ ရွေးကောက်ပွဲမှပေါ်ထွက်လာသည့်အစိုးရအဖွဲ့ကဦးဆောင်ပြီး နိုင်ငံတော်တည်ဆောက်ရေး၊ အုပ်ချုပ်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိနေသည်၊ သို့ဖြစ်ပါ၍ မဲဆန္ဒရှင်ပြည်သူအားလုံးနှင့် တိုင်းရင်းသားလူမျိုးစုများအားလုံးအတွက် မျှတသော ကိုယ်စားပြုမှုနှင့် အာမခံချက်ရရှိရေး၊ တည်ငြိမ်အေးချမ်းပြီး စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ရေရှည်ရှင်သန်ခိုင်မာစေရေးတို့အတွက် အရေးကြီးဆုံးဖြစ်သည့် အထွေထွေရွေးကောက်ပွဲကြီးကိုအောင်မြင်စွာကျင်းပနိုင်ရန် ရည်မှန်းချက်ဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

# အီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ အသိပညာပေးဟောပြော

**မြဝတီ စက်တင်ဘာ ၁၆**

ကရင်ပြည်နယ် မြဝတီခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ အသိပညာပေးဟောပြောပွဲ၊ စမ်းသပ်မဲပေးခြင်းနှင့် မဲပေးစက်ကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၁၅ ရက် နံနက်ပိုင်းတွင် မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု(ရွှေကုက္ကိုလ်) အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် တာဝန်ရှိသူများက မြဝတီမြို့နယ်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ မဲစာရင်းတွင်ပါဝင်သူ အမျိုးသား၊ အမျိုးသမီးများမှ မဲပေးပိုင်ခွင့်ရှိသူများ၊ အသက် ၁၈ နှစ်ပြည့်ပြီးသော်လည်း မဲပေးပိုင်ခွင့်မရှိသူများနှင့်ပတ်သက်သည့်အချက်များ၊ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုပုံအဆင့်ဆင့်တို့ကို ရှင်းလင်းဟောပြောသည်။

ထို့နောက် အီလက်ထရောနစ်မဲပေးစက်(MEVM)ကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်းကို အဆိုပါခန်းမဆောင်၌ ဆက်လက်ကျင်းပရာ အခြေခံပညာဦးစီးဌာန ပူလွဲပူကျေးရွာ(ရွှေကုက္ကိုလ်)အတွင်းရှိ ဆရာ၊ ဆရာမ ၄၇ ဦး တက်ရောက်ကြကြောင်း သိရသည်။

(၄၀၆)




